ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (21-2-2007) (၅၂၄၀)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နမ့်ပွန်ချောင်းကူး မိုင်းပွန်တံတား တည်ဆောက်ရေးလုပ်ငန်းများစစ်ဆေး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အမီပြီးစီးအောင် တည်ဆောက်ရေးမှာကြား

နေပြည်တော်   ဖေဖော်ဝါရီ   ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့မှ တောင်ကြီး–လဲချား–မိုင်းရှူးကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး မိုင်းပွန်မြို့နယ် မိုင်တိုင်(၁၅၂/၇)တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၉)က တာဝန်ယူ တည်ဆောက်လျက်ရှိသော နမ့်ပွန်ချောင်းဖြတ်ကူး မိုင်းပွန်တံတား တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။

### မှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား ရှင်းလင်းဆောင်၌ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းဆွေက စီမံကိန်းလုပ်ငန်း အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တံတားကြီးအား စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အမီပြီးစီးအောင် တည်ဆောက်ရေး၊ ရေရှည်ကြံ့ခိုင်မှုရှိရေးအတွက် စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် တံတားဟောင်းကိုလည်း ကြံ့ခိုင်မှုရှိရန် ပြုပြင်ဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း စက်ယန္တရားများဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တံတားသည် မိတ္ထီလာ–တောင်ကြီး–လွိုင်လင်–ကျိုင်းတုံ–တာချီလိတ် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး အရှည် ၂၀၈ ပေရှိ၍

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖





**မိုင်းပွန်တံတားစီမံကိန်း ကြည့်ရှုစစ်ဆေး**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း နမ့်ပွန်ချောင်းဖြတ်ကူး မိုင်းပွန်တံတား တည်ဆောက်ရေး စီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

### ထူးခြားသည့် ညအပူချိန်များ

(၂၀–၂–၂၀၀၇)

| | |
|---|---|
| ဟားခါး | ၀ ဒီဂရီစင်တီဂရိတ် |
| လားရှိုးနှင့် ပင်လောင်း | ၂ ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၃ ဒီဂရီစင်တီဂရိတ် |

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၂၁-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

**ပြည်သူ့သဘောထား**

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်း ဖွံ့ဖြိုးရေး ဝိုင်းဝန်းဖော်ဆောင်

နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် သဘာဝ သယံဇာတ အရင်းအမြစ်များ တိုးမြှင့်ထုတ်လုပ်သုံးစွဲရေးသည် အရေးပါလျက်ရှိသည်။

ကျောက်မျက်ရတနာများအနက် မြန်မာ့ကျောက်စိမ်းသည် လူကြိုက်များ အရောင်းသွက်သည့် ရတနာတစ်မျိုးဖြစ်သည်။ အာရှဒေသတွင် မြန်မာနိုင်ငံသည် အရည်အသွေးကောင်းသော ကျောက်စိမ်းအများဆုံး ထုတ်လုပ်ရာနိုင်ငံအဖြစ် ထင်ရှားသည်။

ယနေ့အချိန်အခါတွင် ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်း တိုးတက်လာမှုနှင့်အတူ ပြည်ပဝယ်လိုအားလည်း များပြားလာသည်။ ထို့ကြောင့် ကျောက်မျက်တူးဖော်လုပ်ကိုင်သူများသည် နိုင်ငံတော်နှင့် မိမိတို့အကျိုးစီးပွားဖြစ်ထွန်းရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များကို သတ်မှတ်ပေးထားပြီးဖြစ်ရာ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် ကျောက်မျက်များ တူးဖော်ထုတ်လုပ်ရာတွင် သစ်တော၊ မြစ်ချောင်း၊ ကျေးရွာ၊ လမ်းများအပါအဝင် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုမရှိစေရေးအတွက် ဂရုပြုထိန်းသိမ်းလုပ်ကိုင်သွားကြရန် လိုအပ်သည်။

ကျောက်မျက်ရတနာများကို အရိုင်းတုံးအလိုက် ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် အနုပညာမြောက် တန်ဖိုးမြှင့် ကုန်ချောပစ္စည်းများ ထုတ်လုပ်ရောင်းချခြင်းဖြင့် အကျိုးဖြစ်ထွန်းမှု ပိုမိုရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ် ရောင်းဝယ်ရေးလုပ်ငန်းများကို အဘက်ဘက်က ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်နှင့်အညီ နိုင်ငံတော်နှင့် ပုဂ္ဂလိကအကျိုးတူ လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများအနေဖြင့် ကျောက်စိမ်း၊ ကျောက်မျက်နှင့် အဖိုးတန်ရတနာများအား စည်းကမ်းတကျ တူးဖော်ထုတ်လုပ်ပြီး ပြည်တွင်း၌ ကျောက်မျက်ရတနာဈေးကွက် ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါသည်။ ။

# ဗဟန်းမြို့နယ်မှ ကျောင်းများ ကျန်းမာသောပတ်ဝန်းကျင်နှင့် ဆေးလိပ်၊ ခြင်ကျား၊ အမှိုက်ကင်းစင် ကျောင်းများအဖြစ် သတ်မှတ်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မြို့နယ်အတွင်းရှိကျောင်းများ ကျန်းမာသော ပတ်ဝန်းကျင်နှင့် ဆေးလိပ်၊ ခြင်ကျား၊ အမှိုက်ကင်းစင် ကျောင်းများအဖြစ် သတ်မှတ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၇ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။**



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်း၊ ဇနီး ဒေါ်မာမာဝေတို့ ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းကျန်းမာရေးနှင့် ပန်းချီအနုပညာခန်းတို့ကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ၊ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

**ဖွင့်လှစ်**

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်းက ဆေးလိပ်၊ အမှိုက်၊ ခြင်ကျားကင်းစင်ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့သည် ကျောင်းရှေ့၌ အထိမ်းအမှတ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး ကျောင်းကျန်းမာရေးနှင့် ပန်းချီအနုပညာခန်းတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကလေးများအတွက် ကျန်းမာသောပတ်ဝန်းကျင် ဖြစ်စေရေးအတွက် ဆောင်ရွက်ကြရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဗဟန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင်ထံမှ ရာသက်ပန် အသင်းဝင် အဆိုပြုလွှာ အစောင် ၁၀၀၀ ကို လက်ခံယူသည်။

ထို့နောက် ကျောင်းကျန်းမာရေး လုပ်ငန်းများအတွက် ဗဟန်းမြို့နယ် အတွင်းရှိ ရပ်မိရပ်ဖများက ငွေကျပ်လေးသိန်းတန်ဖိုးရှိ သန့်ရှင်းရေး လုပ်ငန်းသုံး ပစ္စည်းများ၊ သိရိသုမင်္ဂလာ မဏိဇောတရေ ဦးကိုကိုအေး-ဒေါ်သီသီနိုင် မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးရဲအောင် - ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ်ကုမ္ပဏီ) က ငွေကျပ် ၁၀၅၀၀၀၊ Horizon International Education Center က ငွေကျပ်တစ်သိန်းနှင့် သမားတော်ကြီး ဦးကျော်စိန် မိသားစု (ဖြူစင်မေတ္တာဆေးတိုက်)က ငွေကျပ် ငါးသောင်း စုစုပေါင်း အလှူငွေကျပ် ၄၅၅၀၀၀ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေးဝင်းက လက်ခံယူပြီး ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းရီထံ ကျောင်းကျန်းမာရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက စင်သုံးစင် စာစီစာကုံးပြိုင်ပွဲ၌ ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးအောင်သန်းဝင်းက ဗဟန်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအတွက် ကျောင်းကျန်းမာရေး နံရံကပ်ပိုစတာများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ဦးထံ ပေးအပ်သည်။

ယင်းနောက် ဗဟန်းမြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းရီက ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့ မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် သာသနာပြုဆရာကြီး ဦးမင်းလွင် ဦးဆောင်သော မြန်မာပြည် ရှင်ယိဗုဒ္ဓသာသနာပြုအဖွဲ့သူ၊ အဖွဲ့သားများက ဒုတိယအကြိမ် ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဝိနယ ဝံသမေဒနီထံ ဆက်ကပ်လှူဒါန်းစဉ်။** (ကြေးမုံ)

# အာဆီယံရေဒီယိုဉာဏ်စမ်းပဟေဠိပြိုင်ပွဲဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေဒီယိုအစီအစဉ်မှ ASEAN in Action စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်အာရှ နိုင်ငံများအသင်း အာဆီယံအကြောင်း သိကောင်းစရာများ အပတ်စဉ် စနေနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ထုတ်လွှင့်လျက်ရှိသည်။

၂၀၀၇ ခုနှစ် ဇန်နဝါရီလ မြန်မာ့အသံရေဒီယိုအစီအစဉ်ကို ထုတ်လွှင့်ခဲ့သော အာဆီယံအကြောင်း သိကောင်းစရာများအတွက် အာဆီယံဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ကျင်းပရာ ဝါသနာရှင်များ ဝင်ရောက်ဖြေဆိုကြသည်။

ဖြေဆိုသူများအနက် ပထမဆုကို ဒေါက်တာခင်နန်းသီ လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ဒုတိယဆုကို မလှရွှေးမြင့် ဆိပ်ဖြူမြို့ မကွေးတိုင်း၊ တတိယဆုကို မစန္ဒာစိုး မုံရွာမြို့ စစ်ကိုင်းတိုင်းနှင့် နှစ်သိမ့်ဆုကို မခင်ဆွေမြင့် ကလေးမြို့ စစ်ကိုင်းတိုင်းတို့ အသီးသီးရရှိပြီး **(ယာပုံ)** ဆုများကို တာဝန်ရှိသူက ပေးအပ်သည်။

လစဉ် ပထမပတ်တိုင်းတွင် ကျင်းပသော အာဆီယံဉာဏ်စမ်းပဟေဠိ အစီအစဉ်ကို ဝင်ရောက်ဖြေဆိုလိုကြသူ ပြည်နယ်/တိုင်း အသီးသီးမှ ဝါသနာရှင်များ၊ အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ချက်မရှိဘဲ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်း ဖြေဆိုနိုင်ကြသည်။ (သတင်းစဉ်)




**မြို့ရွာတစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်**

# ကြော်ငြာအတွက် မလေးစေသင့်ပါ

**မြတ်မိုး (တိုင်းရင်းဆေး)**

တိုင်းရင်းဆေးဝါးများ အနေဖြင့် တွင်တွင်ကျယ်ကျယ် ကြော်ငြာနေကြသည်ကို အများအသိပင်ဖြစ်သည်။ ရုပ်မြင်သံကြား ကြော်ငြာများကို ကြည့်လိုက်လျှင် တစ်ဝက်လောက်က တိုင်းရင်းဆေး ကြော်ငြာများ ဖြစ်သည်။

ဆေးဝါးများအနေဖြင့် လူသားတို့ မကျန်းမာသည့်အခါနှင့် ကျန်းမာစေရန်အတွက် ရောဂါကာကွယ်ရေးတွင် သုံးစွဲရန်အပြင် ရောဂါ ရှာဖွေရာ၌လည်း အသုံးပြုကြောင်း ယခင်ဆောင်းပါးတွင် ဖော်ပြပြီးဖြစ်သည်။

တိုင်းရင်းဆေးဝါးနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုရာ၌ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် သို့မဟုတ် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန် တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် ပြည်တွင်းတွင် ဖော်စပ်သည့် ပစ္စည်းဟု ဆိုထားပါသည်။

**တိုင်းရင်းဆေးပညာမှာ အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးပညာရပ်ဖြစ်ပြီး ဘုရားရှင်၏ ဒေသနာများကို အခြေခံ၍ ဆေးကုသသော ဒေသနာနယ၊ အာယုဗ္ဗေဒ ဆေးပညာကို အခြေခံသည့် ဘေသဇ္ဇနယ၊ ဗေဒင်နက္ခတ္တပညာကို အခြေခံ၍ ဆေးကုသသော နက္ခတ္တဗေဒနယ၊ အဂ္ဂိရတ်ပညာကို အခြေခံ၍ ဆေးကုသသော ဝိဇ္ဇာဓရနယ တည်းဟူသော နယကြီးလေးပါးအနက် တစ်ပါးပါးကို အခြေခံထားသော ဆေးပညာ ဖြစ်သည်။**

ဆေးဝါးများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းမှု(safety)၊ အရည်အသွေး ပြည့်ဝမှု (quality)၊ အာနိသင်ရှိမှု (efficacy)တို့ရှိရန် လိုအပ်ပါသည်။ ကနဦးအနေဖြင့် ဆေးဝါးကို သောက်သုံးခြင်းဖြင့် ဘေးအန္တရာယ် မဖြစ်ဖို့က အရေးကြီးဆုံး ဖြစ်သည်။ ဆေးဝါးများကို မှီဝဲသည်ဆိုကတည်းက မကျန်းမာ၍သာ မှီဝဲကြရတာများသည်။ ဆေးအတွက်ကြောင့် ထပ်မလေးသင့်ပါ။

ဒုတိယအချက်အနေဖြင့် ယင်းဆေးဝါးသည် အရည်အသွေးပြည့်မီရမည်။ မလိုလားအပ်သောအရာများ ရောနှောနေခြင်း၊ ဆေးဝါးကုန်ကြမ်းများ စစ်မှန်မှုမရှိခြင်း၊ ဆေးဝါးပြုပြင်ရာတွင် အသုံးပြုသော ပါဝင်ပစ္စည်းများနှင့် စက်ကိရိယာများ မသန့်ရှင်း၊ မစင်ကြယ်ခြင်းများ ရှိပါက လိုအပ်သော အာနိသင်မရရှိနိုင်သည့်အပြင် ဘေးအန္တရာယ်ပင် ရှိလာနိုင်သည်။

နောက်ဆုံးအချက်ဖြစ်သော်လည်း အရေးကြီးသည့်နေရာတွင် အခြားနှစ်ခုထက် မလျော့သောအရာမှာ အာနိသင်ရှိမှုပင် ဖြစ်သည်။ ဆေးဝါးဟု ခေါ်ဆိုနိုင်ရန်မှာ အာနိသင်ရှိဖို့ လိုသည်။ **အာနိသင်မရှိဘဲ စားသုံးရန် သက်သက်ဆိုလျှင် အစားအစာ စာရင်းဝင်သွားမည်။** "ဆေး"ဟု ခေါ်၍ မရ။ အလွန်ဆုံး"ဖြည့်စွက်အစားအစာ"(food supplement)သာ ဖြစ်မည်။

တိုင်းရင်းဆေး ပစ္စည်းများ၏ အကျိုးအာနိသင်တွင် ရသ၊ ဝိပါက၊ ဂုဏ်၊ ဝီရိယ၊ ကမ္မ၊ ပဘာဝ ဟု ပါရှိသည်။ ရသဆိုသည်မှာ ပူစပ်ဖန်ခါး အရသာကို ဆိုသည်။ ဝိပါကမှာ ကျေကျက်ပြီးမှ ဖြစ်လာသော အကျိုးသွားကို ဆိုသည်။ ဂုဏ်ဆိုသည်မှာ ထက်မြက်သော တိက္ခဂုဏ်၊ နုံ့သော မန္ဒဂုဏ်၊ စေးပျစ်သော သိနိဒ္ဓဂုဏ်၊ လေးသော ဂရုဂုဏ်၊ ပေါ့သော လဟုဂုဏ်များကို ဆိုသည်။ ဝီရိယမှာ ဆေးပစ္စည်းရှိ ဓာတ်တရားတို့ကို ခွဲခြား၍ ကြံစည်ပြီး သိနိုင်သော သတ္တိမျိုးကို ဆိုသည်။ ကမ္မမှာ ဆေးပစ္စည်း၏ လုပ်ဆောင်ချက်ဖြစ်သည်။ ယင်းငါးခုမှာ အထင်ကရ တင်ပြ၍ရသော်လည်း ပဘာဝမှာ သက်သေပြရန် ခဲယဉ်းသော သတ္တိဖြစ်သည်။ ဆေးပစ္စည်းရှိ ဓာတ်တရားတို့ကို ခွဲခြား၍ ကြံစည်သော်လည်း မသိနိုင်သော သတ္တိမျိုးဖြစ်သည်။ အကျိုးသွား ရှိသော်လည်း သက်သေပြ၍ မရပါ။ သိပ္ပံနည်းကျ သက်သေထူရန် ခက်ခဲသောအပိုင်း ဖြစ်ပါသည်။

တိုင်းရင်းဆေးများ၏ အာနိသင်များကို ဖော်ကျူးရာ၌ လွန်ကျူးလွန်းလှသည်ဟု ဆိုရမည်။ **အာနိသင်က တစ်ရာ နှစ်ရာ၊ ဆေးအမယ်က တစ်ပင်တည်း**ဟု ဆိုရမလို။ ပျောက်ကင်းသော ရောဂါများကို ကြေညာရာ၌ လောဘကြီးကြသည်။ ဆေးအမယ်တစ်မျိုးတွင် အာနိသင် တစ်မျိုးရှိသည်ထား ဦး၊ ဆေးအမယ် ငါးဆယ် စုဖော်ထားသော ဆေးဖုံသည် အာနိသင် အမျိုးငါးဆယ် ရောဂါပေါင်း ငါးဆယ်အတွက် ကောင်းမည်ဟု ဆိုနိုင်ပါမည်လား။ မည်သို့ပင်ဆိုစေ ၉၆ ပါးရောဂါ ပျောက်တယ်ဆိုတဲ့ ဆေးဖုံတွေက ဒုနဲ့ဒေး။

သို့ဖြစ်၍ အာနိသင်ကို တတ်နိုင်သရွေ့ အထောက်အထား အခြေခံ (evidence based)ဖြစ်ဖို့ လိုလာသည်။ ဤတွင် သိပ္ပံနည်းပညာအရ သုတေသနပြု၍ တိရစ္ဆာန်များဖြင့် ကနဦး စမ်းသပ်ရသည်။ ထို့နောက် လူကောင်းများအပေါ်တွင် စမ်းသပ်ပြီးမှ လူနာများအပေါ်တွင် သုတေသနပြုရသည်။ ဤတွင် ကျင့်ဝတ်(ethics)နှင့် ညီညွတ်မှုရှိရန် လိုအပ်လာသည်။

သုံးစွဲမြဲ တိုင်းရင်းဆေးများကို တိုင်းရင်းဆေးဆရာများက လူနာများကို တိုက်ကျွေးကုသလျှင် ကျင့်ဝတ်နှင့်ညီသည်။ ယင်းဆေးများကိုပင် သိပ္ပံပညာရှင်နှင့် ဆရာဝန်များက တိုက်ကျွေး၍ သုတေသနပြုလျှင် ကျင့်ဝတ်နှင့် ညီမည်မဟုတ်။

**ကြော်ငြာခြင်းဆိုသည်မှာ တိုင်းရင်းဆေးဝါးများ တွင်ကျယ်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် တစ်နည်းနည်းဖြင့် အများသိရှိအောင် ဆောင်ရွက်ခြင်းပင် ဖြစ်သည်ဟု တိုင်းရင်းဆေးဝါးဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည်။**

**ယင်းဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးများကိုသာ ကြော်ငြာနိုင်သည်။ ကြော်ငြာရာ၌လည်း ဖော်ပြထားသည့် အကြောင်းအရာများအားလုံး မှန်ကန်မှုရှိနေရမည်။ ထင်ယောင်ထင်မှား ဖြစ်စေခြင်း မျိုးလည်း မရှိစေရ။ လူအများ အဓိပ္ပာယ်ကောက်လွဲနိုင်သည့် အသုံးအနှုန်းများ၊ နားမလည်နိုင်သော အသိပညာဆိုင်ရာ ဝေါဟာရများ သုံးနှုန်းခြင်းကို ခွင့်မပြုပါ။ ယင်းအပြင် တိုင်းရင်းဆေးဝါးများကို လွဲမှားစွာ သုံးစွဲစေမည့် ကြော်ငြာခြင်းမျိုးကိုလည်း တားမြစ်ထားပါသည်။**

ကြော်ငြာရာ၌ ဆေးဝါးနှစ်ခု နှိုင်းယှဉ်၍ ဖော်ပြခြင်းမျိုးကို ရှောင်ရပါမည်။ ဝေဒနာခံစားနေရသော လူနာ၏ ရုပ်ပုံများ၊ ရေးသားချက်များ၊ ထောက်ခံချက်များ၊ ရည်ညွှန်းချက်များဖော်ပြ၍ ကြော်ငြာခြင်းကို လက်မခံပါ။

ရှေးယခင်က တွေ့ရှိဖူးသော ဆေးမစားမီပုံ၊ ဆေးစားပြီးပုံ ဟူ၍ နှိုင်းယှဉ်ဖော်ပြသည့် ပုံစံမျိုးများကိုလည်း ယခုအခါ ခွင့်မပြုတော့ပါ။

ထို့အပြင် တိုင်းရင်းဆေးသမားတော်များ၊ အခြားထင်ရှားသော ပုဂ္ဂိုလ်များ၊ ဌာနများ၊ ဓာတ်ခွဲခန်းများမှ ထောက်ခံချက်များကို ဖော်ပြ၍လည်းကောင်း၊ ကိုးကား၍လည်းကောင်း ကြော်ငြာလို့မရပါ။

စာပေသင်ကြားခြင်း၊ အားကစား လှုပ်ရှားခြင်းတို့ကို ညွှန်း၍ ထင်ယောင်ထင်မှား ဖြစ်စေသောနည်းဖြင့် ကြော်ငြာခြင်းမျိုးကို ခွင့်မပြုပါ။

ယင်းအပြင် တိုင်းရင်းဆေးဝါးကို စမ်းသပ်သုံးစွဲကြည့်ဖို့ အာမခံချက်ဖြင့် ကြော်ငြာခြင်းမျိုးကိုလည်း တားမြစ်ထားပါသည်။

နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်၊ သာသနာဆိုင်ရာ အထိမ်းအမှတ်တံဆိပ်များ၊ အခေါ်အဝေါ် အသုံးအနှုန်းများနှင့် ရုပ်ပုံကားချပ်များ အသုံးပြုခြင်းကိုလည်း ရှောင်ကြဉ်ရမည် ဖြစ်ပါသည်။

နောက်ဆုံးအနေဖြင့် **ဆေးဝါးများကို နမူနာပေး၍ ဖြစ်စေ၊ ငွေကြေးလက်ဆောင်ပစ္စည်းပေး၍ ဖြစ်စေ၊ ကံစမ်းမဲထည့်၍ ကံထူးရှင် ရွေးချယ်ပွဲမျိုးလုပ်၍ ဖြစ်စေ ကြော်ငြာခွင့် မပြုကြောင်းတို့ကို ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၃၀ရက်တွင် ထုတ်ပြန်ထားသော ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ်(၆/၉၆)တွင် အတိအလင်း ဖော်ပြထားပါသည်။**

တိုင်းရင်းဆေးကြော်ငြာများကို လေ့လာမိသမျှ ဖော်ပြပါမည်။ ပေါင်ဒါဘူးထဲ ထည့်လို့ရတာမျိုး၊ မိတ်ကပ်အဖြစ် သုံးလို့ရတာမျိုး၊ ဘာရောဂါကိုဖြင့် ကာကွယ်နိုင်တာမျိုး၊ များများစားလေ ကောင်းလေဆိုတာမျိုး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အသက်အရွယ်မရွေး၊ အချိန်အခါမရွေး သောက်သုံးနိုင်သည် ဆိုတာမျိုး၊ ပွဲတွေ့ဒိဋ္ဌပျောက် အမြစ်ပြတ်တာမျိုး၊ တစ်ခါသုံးရုံနဲ့ အကြိမ်ကြိမ် အစွမ်းပြတာမျိုး၊ ဘာပဲစားစား စားချင်တာ စားဆိုတာမျိုး စသည့် စသည့် အသုံးအနှုန်းများကို ကြုံဖူးကြပေမည်။ ယင်းတို့မှာ ပုံကြီးချဲ့ အလွန်အကျူး ဖွဲ့ဆိုခြင်း၊ အထင်အမြင် လွဲမှားစေခြင်း၊ မိမိဆေးကို များများသုံးစွဲစေခြင်း၊ အာနိသင်ကို ပိုပိုမိုမို ဖော်ပြခြင်းတို့ ဖြစ်သည်။

ဆေးညွှန်းများတွင် ရေးချင်သလို ရေးထားခြင်းသည်လည်း သောက်သုံးသူ လူအများ ဖတ်ရှုကြရသဖြင့် ကြော်ငြာခြင်းတစ်မျိုးဟု ဆိုနိုင်ပါသည်။ တချို့ဆိုလျှင် ရာဇဝင်နှင့်ချီ၍ ရေးကြသည်။ ရှေးရှင်ဘုရင်များ ခေတ် အဆက်ဆက်က သုံးစွဲခဲ့သော မဟာဆေးတော်ကြီးဖြစ်ကြောင်း၊ မည်သည့် ခေတ် လက်ထက်က ထီးသုဉ်း၊ နန်းသုဉ်း၊ ကြငှန်းသုဉ်းဖြစ်၍ မည်သို့ လက်ဆင့်ကမ်းလာခဲ့ရပုံကအစ ဖော်ပြပြီး မည်မျှအစွမ်းထက်ကြောင်းကို စာဖွဲ့တတ်ကြသည်။

မမြင်ရသောခေတ်၊ မကြုံဖူးသောအဖြစ်၊ လက်လှမ်းမမီသော သနစ်တို့ဖြင့် ဟန့်ကြသည်။

ရေးထားလိုက်သည့် အစွမ်းအာနိသင်များကလည်း မယုံလျှင်ပုံပြင် မှတ်ရမလို ဖြစ်သည်။ တချို့ဆို ဘယ်လိုမှ ဆက်စပ်လို့မရသော အာနိသင်တွေကို စုစုစည်းစည်း တွေ့ရသည်။ အာမခံချက် ပေးထားသည့် အရေးအသားမျိုးကလည်း မရှားပါ။ ထူးရှယ်တို့၊ ဒိဋ္ဌပျောက် အမြစ်ပြတ်၊ ပွဲတွေ့၊ လက်တွေ့တွေလည်း တစ်ပုံတစ်ပင်။

ပါဝင်သော ဆေးအမယ်များတွင်လည်း ရှားပေ့၊ ဈေးကြီးပေ့ဆိုတာတွေက ပါတတ်သည်။ မူလဆေးဖုံ ဖော်မြူလာမှာ ပါနေ၍ ထည့်ရသော်လည်း အမှန်တကယ် မထည့်ထားလျှင် ဖော်ပြဖို့မသင့်။ တချို့ ဆေးပင်များက ရှားမှရှား၊ ကြံ့သွေး၊ စပါးကြီးသည်းခြေ၊ ကတိုး၊ ကုံကုမံ စသည်စသည်များ။ ရှားတော့ မထည့်သည့်အခါလည်း မထည့်၊ အစားထိုးသည့်အခါလည်း ထိုးလုပ်တတ်ကြသည်။

ဤသို့ဤနှယ် ဆေးညွှန်းများဖြင့်လည်း ကြော် ညာသလိုဖြစ်သည်။ ဆေးညွှန်းများကြောင့်လည်း လေးနိုင်သည်။

ဆေးအမှတ်တံဆိပ်တွင် ဖော်ပြထားချက်များသည်လည်း ကြော်ငြာခြင်း တစ်မျိုးပင်။ ထို့ကြောင့် အမှတ်တံဆိပ် စည်းကမ်းများအပြင် ကြော်ငြာစည်းကမ်းချက်များကိုလည်း လိုက်နာဖို့ လိုသည်။ အမှတ်တံဆိပ်ပါ ရုပ်ပုံများ၊ စာသားများသည် တိကျမှန်ကန်ဖို့ ထင်ယောင် ထင်မှားမဖြစ်ဖို့ လိုအပ်သည်။ ဥပမာ နာမည်ကြီး တခြားဆေးတစ်မျိုးနှင့် ဆင်တူနေလျှင် ထင်ယောင်ထင်မှား ဖြစ်နိုင်သည်။

နောက်ဆုံးတစ်ချက်အနေဖြင့် ကြော်ငြာဆန်သော ဖော်ပြချက် တစ်ခုကျန်ရှိပါသေးသည်။ ဤသည်မှာ ဆေးအမည် ဖြစ်သည်။ တိုင်းရင်းဆေးသစ်တစ်ခုကို အမည်ပေး ကင်ပွန်းတပ်ရာ၌ ဂုဏ်ပုဒ်များ၊ အာနိသင်များကို ဖော်ပြတတ်ကြသည်။ တစ်ခုမဟုတ် များလို့ရလျှင် များများဖော်ပြချင်ကြသည်။ အသံကောင်း၊ ရုပ်လှဆေး၊ ဦးနှောက်ကြည်လန်းဆန်းဆေး၊ မျက်စိကြည် အကြောလျော့ဆေး၊ အစာကြေ အားတိုးဆေး၊ ရုပ်ပျိုကိုယ်နု အသားလှဆေး စသည်စသည်တို့ ဖြစ်သည်။ ဤသို့ အမည်ပေး ကင်ပွန်းတပ်ကြရာမှာလည်း မှန်ကန်ဖို့၊ အထင်အမြင် မလွဲမှားစေဖို့ ကြော်ငြာစည်းကမ်းချက်အတိုင်း လိုက်နာဖို့လည်း လိုလိမ့်မည်။ အမည်တွင် ဖော်ပြထားသော အာနိသင်မရှိဘဲ အမည်ပေးခြင်းသည် လိမ်ညာခြင်းမည်သည်။ မည်သို့မျှ ဆက်စပ်၍ မရသော အာနိသင်များကို ရော၍ အမည်ပေးခြင်းကိုလည်း ရှောင်သင့်သည်။ ဥပမာ-အသံကောင်း ဆီးရွှင်ဆေး။

ဆေးဝါးထုတ်လုပ်ရေး စက်ရုံတွင်း လျှပ်တစ်ပြက်ရိုက်ချက်များ၊ အင်တာဗျူးများသည်လည်း အဆိုပါစက်ရုံကို ကြော်ငြာပေးရာ ရောက်သည်။ ISO / HACCP/ GMP စသည့် ဘာသာခြား အက္ခရာစာလုံးများဖြင့် လူတကာကို အထင်ကြီးစေခြင်းသည်လည်း ကြော်ငြာခြင်းတစ်မျိုးပင် ဖြစ်သည်။

ဆေးအာနိသင်များ ဖော်ပြရာ၌ ယခုခေတ်တွင် သိပ္ပံဝေါဟာရများ၊ အနောက်တိုင်း ဆေးပညာဝေါဟာရများကို အသုံးပြုလာကြသည်ကို တွေ့နေရသည်။ antioxidant ဓာတ်တိုးဆန့်ကျင်ပစ္စည်း CD 4 count ဘီပိုး၊ စီပိုး စသည်ဖြင့် ဖြစ်သည်။ ယင်းသို့ အနောက်တိုင်းဆေးပညာ ဝေါဟာရများကို သုံးလျှင်ပို၍ သတိထားရမည်။

**တိုင်းရင်းဆေးများ ကြော်ငြာရာမှာ တိုင်းရင်းဆေးပညာ အခေါ်အဝေါ် ရောဂါအမည်များဖြင့် ပျောက်ကင်းကြောင်း၊ သက်သာကြောင်း၊ ကြော်ငြာလျှင် ပြဿနာမရှိ။ အနောက်တိုင်းဆေးပညာ အခေါ်အဝေါ် ရောဂါအမျိုးအမည်များ ဥပမာ-တီဘီ၊ ဂေါက်၊ ငှက်ဖျား၊ အေအိုင်ဒီအက်စ်တို့အပြင် အနောက်တိုင်းဆေးပညာ ရောဂါဖြစ်ပျက်မှုများ ကြားဖူးနားဝ နှလုံးသွေးကြောကျဉ်း၊ အသည်းအဆီဖုံး၊ သွေးချို ဆီးချို စသည်ဖြင့် ပျောက်ကင်းကြောင်း ဖော်ပြလျှင်တော့ အထောက်အထား အခြေခံ (evidence based) ဖြစ်ဖို့လိုသည်။** ကိုလက်စထရော အဆီကျသည်ဟုလည်း တွင်တွင်ကျယ်ကျယ် သုံးလာကြသည်။ အထောက်အထားပြနိုင်ဖို့ လိုသည်။ အနောက်တိုင်းဆေးပညာ၏ ရောဂါရှာဖွေရေးတွင် အသုံးပြုလျက်ရှိသော parameter အတိုင်းအတာများ ဖြစ်သည့် CD 4 count ဘီပိုး၊ စီပိုး၊ အိပ်ချ်အိုင်ဗွီ၊ ASO titre စသည်ဖြင့် အသုံးပြုကြသည်ကိုလည်း တွေ့ရသည်။

တိုင်းရင်းဆေးဖြင့်ကုပြီး အနောက်တိုင်းဆေးများ၏ ရောဂါရှာဖွေရေးနည်းများ အသုံးပြုခြင်းကိုတော့ အထိုက်အလျောက် လက်ခံသင့်သော်လည်း ယင်းအတိုင်းအတာနည်းများဖြင့် ထည့်သွင်းကြော်ငြာခြင်းမျိုးကိုမူ ကန့်သတ်သင့်သည်ဟု သဘောရရှိပါသည်။ သို့မဟုတ်ပါက ကြော်ငြာကြောင့် လေးနိုင်ပါသည်။

ဆေးအတွက်လေးဟု ဆိုရိုးရှိပါသည်။ ကြော်ငြာအတွက် မလေးမှသာ ဆေးအတွက် အလေးလျော့ပေမည်။ ကြော်ငြာအတွက် မလေးစေသင့်ပါ။ ။

**ယင်းဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးဝါးများကိုသာ ကြော်ငြာနိုင်သည်။ ကြော်ငြာရာ၌လည်း ဖော်ပြထားသည့် အကြောင်းအရာများအားလုံး မှန်ကန်မှုရှိနေရမည်။ ထင်ယောင်ထင်မှား ဖြစ်စေခြင်း မျိုးလည်း မရှိစေရ၊ လူအများ အဓိပ္ပာယ်ကောက်လွဲနိုင်သည့် အသုံးအနှုန်းများ၊ နားမလည်နိုင်သော အသိပညာဆိုင်ရာ ဝေါဟာရများ သုံးနှုန်းခြင်းကို ခွင့်မပြုပါ။ ယင်းအပြင် တိုင်းရင်းဆေးဝါးများကို လွဲမှားစွာ သုံးစွဲစေမည့် ကြော်ငြာခြင်းမျိုး ကိုလည်း တားမြစ်ထားပါသည်။**



တရုတ်နိုင်ငံ ပေကျင်းမြို့ အီလက်ထရွန်နစ်အရောင်းဆိုင်တစ်ဆိုင်၌ ပြသထားသော လက်တော့ပ်ကွန်ပျူတာများကို ဖေဖော်ဝါရီ ၁၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

# ပညာရေးဆိုင်ရာ အခြေစိုက်စခန်း အန္တာတိကတွင်ဖွင့်လှစ်မည်

လန်ဒန် ဖေဖော်ဝါရီ ၁၉

**ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် အန္တာတိကဒေသ၌ ပညာရေးဆိုင်ရာအခြေစိုက်စခန်းတစ်ခု ထူထောင်ဖွင့်လှစ်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၉ ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။**

အန္တာတိကဒေသတွင် ပညာရေးဆိုင်ရာ အခြေစိုက်စခန်း ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသူမှာ နယ်မြေစွန့်စားသွားလာသူ ရောဘတ်ဆွန်းဖြစ်သည်။ ဆွန်းသည် တောင်ဝင်ရိုးစွန်းဒေသသို့ရော မြောက်ဝင်ရိုးစွန်း ဒေသသို့ပါ ပြင်ပအကူအညီမလိုဘဲ လမ်းလျှောက်ကာ လှည့်လည်ခဲ့သည့် ပထမဆုံးသော ပုဂ္ဂိုလ်ဖြစ်သည်။ အန္တာတိကဒေသ ကင်းဂျော့ဂျ်ကျွန်းပေါ်ရှိ ရုရှားလေ့လာရေးဌာနတွင် ပညာရေးဆိုင်ရာ အခြေစိုက်စခန်းတစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်သည်။ အန္တာတိက ဒေသ၏ ရာသီဥတုအခြေအနေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းရပ်များကို အင်တာနက်မှတစ်ဆင့် သင်ကြားပို့ချပေးခြင်းဖြင့် အန္တာတိကဒေသနှင့် ကျောင်းသားကလေးသူငယ်များ ရင်းနှီးမှုပိုမိုရရှိလာမည်ဖြစ်သည်။

အန္တာတိကဒေသဆိုင်ရာ ပညာရေးလေ့လာမှုအခြေစိုက်စခန်း၌ အလုပ်လုပ်ကိုင်နိုင်ရန် စွန့်စားသွားလာလိုသူများလိုအပ်ကြောင်း ရောဘတ်ဆွန်းက အန္တာတိကသို့ မသွားရောက်မီ ပြောကြားသည်။

***အင်တာနက်။***

# အာဖဂန်နစ္စတန်၌ ရဟတ်ယာဉ်ပျက်ကျ အပေါင်းပါတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံး

ကဘူး ဖေဖော်ဝါရီ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းဒေသတွင် တနင်္ဂနွေနေ့စောစောပိုင်းက ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့သဖြင့် အပေါင်းပါတပ်ဖွဲ့ဝင်ရှစ်ဦး သေဆုံးပြီး အခြား ၁၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အပေါင်းပါတပ်ဖွဲ့၏ ကြေညာချက်တွင် ဖော်ပြထားသည်။

စီအိပ်ချ် ၄၇ အမျိုးအစား ရဟတ်ယာဉ်သည် ရုတ်တရက်ထိန်းချုပ်မရဘဲဖြစ်ကာ ပျက်ကျခဲ့သည်ဟု ကြေညာချက်တွင်ပါရှိသည်။ ရဟတ်ယာဉ်ပျက်ကျသည့်နေရာတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆောင်ရွက်နေကြရာ ခရီးသည်အချို့ ပြန်တွေ့ရှိပြီး ဒဏ်ရာရသူများကို အပေါင်းပါတပ်ဖွဲ့များ၏ ဆေးရုံသို့ ဆေးကုသရန်တင်ထားသည်ဟုဆိုသည်။

အဆိုပါရဟတ်ယာဉ်သည် ရဟတ်ယာဉ်ဝန်ထမ်းများအပါအဝင် စုစုပေါင်း ၂၂ ဦးကို တင်ဆောင်လာခြင်းဖြစ်သည်ဟု ကြေညာချက်အရ သိရှိရသည်။ ယင်းဒေသရှိ အာဖဂန်နိုင်ငံသားများအနေဖြင့် ၎င်းတို့၏ လုံခြုံရေးအတွက် အဆိုပါနေရာမှ ဝေးဝေးနေကြရန် အပေါင်းပါတပ်ဖွဲ့ဝင်များက တိုက်တွန်းထားသည်။ အပေါင်းပါတပ်ဖွဲ့ဝင်များက ယင်းဒေသတွင် စစ်ရေးအရ လှုပ်ရှားမှုများ ဆောင်ရွက်မည်ဟု သတင်းများအရသိရှိရသည်။ တာလီဘန် ပြောက်ကျားများ၏ ပြောရေးဆိုခွင့်ရှိသူကမူ ယင်းရဟတ်ယာဉ်သည် ပစ်ချခံရသဖြင့် ပျက်ကျခြင်းဖြစ်သည်ဟု ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ဘဂ္ဂဒက်၌ ဗုံးပေါက်ကွဲမှု သေသူ ၅၅ ဦးအထိရှိ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၁၉

ဘဂ္ဂဒက်မြို့တော် အယ်လ်-ဂျာဒီဒါဒေသတွင် တနင်္ဂနွေနေ့က ကားဗုံးနှစ်လုံးပေါက်ကွဲခဲ့သဖြင့် သေဆုံးခဲ့သည့်ဦးရေသည် ၅၅ ဦးအထိနှင့် ဒဏ်ရာရရှိသူ ၁၂၈ ဦးအထိ မြင့်တက်လာခဲ့ကြောင်း ပြည်ထဲရေးသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် အယ်လ်-ဂျာဒီဒါဒေသရှိ ရပ်ရှင်ရုံတစ်ရုံအနီး လူစည်ကားသည့်နေရာတွင် ရပ်ထားသော မော်တော်ယာဉ်နှစ်စီးမှ ထောင်ချောက်ဗုံးနှစ်လုံး ဆက်တိုက်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အသေခံဗုံးဖောက်ခွဲသူက ပေါက်ကွဲစရာ ပစ္စည်းအပြည့်အသိပ် ထည့်ထားသည့်ယာဉ်ကို မောင်းနှင်ကာ ဘာလာဒီရက်ဒေသရှိ ရဲစစ်ဆေးရေးဂိတ်အတွင်း ဝင်တိုက်ပြီး ဖောက်ခွဲခဲ့သဖြင့် လက်ရွေးစင်ရဲတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး အရပ်သားနှစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ရှိ ဆေးရုံများတွင် တရုတ်ရိုးရာ အနှိပ်ကုထုံးအသုံးပြုနေ

ပေကျင်း ဖေဖော်ဝါရီ ၁၉

**ထွီနာခေါ် တရုတ်ရိုးရာ အနှိပ်ကုထုံးကို တရုတ်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ရှိ တိုင်းရင်းဆေးခန်းနှင့် ဆေးရုံများ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိကြောင်း တနင်္လာနေ့ အင်တာနက်သတင်းတွင် ဖော်ပြသည်။**

ထွီနာဆိုသည်မှာ စက်ကိရိယာအားမပါဘဲ လက်အားကို အသုံးပြုရသော တရုတ်ရိုးရာ ဆေးကုထုံးတစ်မျိုးဖြစ်သည်။ ရောဂါကြိုတင် ကာကွယ်ရာတွင်လည်းကောင်း၊ ကုသရာတွင်လည်းကောင်း ထွီနာကုထုံးကို အသုံးပြုကြသည်။ လက်အားကို အသုံးပြုခြင်းနှင့် ဆေးဖက်ဝင် အပင်တို့ဖြင့် ဖော်စပ်ထားသည့် ဆေးဝါးများကို အသုံးပြုခြင်းဖြင့် ခန္ဓာကိုယ်တွင်းရှိ သွေး၊ လေ ပိတ်ဆို့မှုများကို ဖယ်ရှားပစ်ပြီး အသက်ရှင်ရေးအတွက် မရှိမဖြစ်လိုအပ်သည့် သက်စောင့်ဓာတ်စွမ်းအင်ကို မြှင့်တင်ပေးနိုင်သည်။

ထွီနာ တရုတ်တိုင်းရင်းဆေး ဆရာများသည် တရုတ်နိုင်ငံ တိုင်းရင်းဆေးတက္ကသိုလ်များတွင် ငါးနှစ်ကြာသင်ကြားကြရသည်။ ဆေးတက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် အတွေ့အကြုံရှိသည့် ထွီနာ ဆေးဆရာကြီးများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အလုပ်သင်ဆေးဆရာများအဖြစ် တာဝန်ထမ်းဆောင်ကြရသည်။ အငြိမ်းစားထွီနာဆေးဆရာများက ဆေးပညာရပ်များ လာရောက်ပို့ချပေးပြီး အတွေ့အကြုံ ဖြန့်ဝေပေးလေ့ရှိသည်။ ကုသရန်ခက်ခဲသည့် ရောဂါများနှင့်စပ်လျဉ်း၍လည်း လာရောက်ဆွေးနွေးပေးသည်။

သွေးလှည့်ပတ်မှု ကောင်းမွန်စေရန်လည်းကောင်း၊ အရိုးများနှင့် တစ်ရှူးများ အံဝင်ခွင်ကျ ရှိစေရန်လည်းကောင်း၊ အဆစ်အမြစ်များ အကွေးအဆန့် ပိုမိုသွက်လက်စေရန်လည်းကောင်း၊ ပျော့ပျောင်းသော တစ်ရှူးများနှင့် ကစားခုန်စားရာမှရရှိသော ဒဏ်ရာများ ကုသရာတွင်လည်းကောင်း ခန္ဓာကိုယ်တွင်းရှိ အင်္ဂါအစိတ်အပိုင်းများ၏ အဖိုဓာတ်၊ အမဓာတ် သဘောသဘာဝကို ကိုက်ညီပေးရာတွင် လည်းကောင်း ထွီနာကုထုံးကို တွင်တွင်ကျယ်ကျယ် အသုံးပြုကြသည်။

***အင်တာနက်။***

# အရှေ့အလယ်ပိုင်းဆိုင်ရာ အမေရိကန်၏အကြံအစည် အီရန်နှင့်ဆီးရီးယား တိုက်ဖျက်မည်

**တီဟီရန် ဖေဖော်ဝါရီ ၁၉**

အီရန်နှင့် ဆီးရီးယားနိုင်ငံတို့က အရှေ့အလယ်ပိုင်းဒေသနှင့် ပတ်သက်သည့် အမေရိကန်၏ အကြံအစည်များကို တိုက်ဖျက်ပစ်ရန် ပူးပေါင်းလုပ်ဆောင်သင့်သည်ဟု အီရန်မှ အမြင့်ဆုံး ဩဇာအာဏာရှိပုဂ္ဂိုလ် အလီခါမေနီက ပြောကြားကြောင်း နိုင်ငံပိုင် ရုပ်မြင်သံကြားက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။

ခါမေနီက ဆီးရီးယားသမ္မတ အယ်လ်-အာဆတ်နှင့် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အယ်လ်-အာဆတ်သည် အီရတ်နိုင်ငံ၏ မတည်ငြိမ်မှုနှင့် လက်ဘနွန်ပြဿနာများကို ဆွေးနွေးရန် အီရန်သို့ ရောက်ရှိလာခြင်းဖြစ်သည်။ ဆီးရီးယား၊ အီရန်နှင့် ယင်းနှစ်နိုင်ငံက ထောက်ခံသည့် ဟစ်ဇ်ဘိုလာ ပြောက်ကျားအုပ်စုသည် အနောက်အုပ်စုက ထောက်ခံသော လက်ဘနွန်အစိုးရကိုဖြုတ်ချရန် ကြိုးပမ်းနေသည်ဟု အမေရိကန်က စွပ်စွဲပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



**ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလမ္မာဘတ်ရှိ တိရစ္ဆာန်ဥယျာဉ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေး ဆောင်ရွက်နေသည်ကို ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ထိုင်းနိုင်ငံတောင်ပိုင်းပြည်နယ်သုံးခု၌ ဗုံးခွဲတိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား လူ ၁၂ ဦး ထပ်မံဒဏ်ရာရရှိ

ဗန်ကောက် ဖေဖော်ဝါရီ ၂၀

ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ်၊ နာရီသီဝပ်ပြည်နယ်နှင့် ယာလာပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၁၉ရက် (ယမန်နေ့)နှင့် ယနေ့နံနက်ပိုင်းတို့၌ ဗုံးခွဲတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား၍ လူ ၁၂ဦးဒဏ်ရာရရှိခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ဖေဖော်ဝါရီ ၁၉ရက်တနင်္လာနေ့ နံနက် ၁၀နာရီ ၄၅မိနစ်တွင် ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ်ရှိ မော်တော်ကားအရောင်းဆိုင် အပြင်ဘက်၌ ဗုံးတစ်လုံးပေါက်ကွဲသဖြင့် လူခုနစ်ဦးဒဏ်ရာရှိခဲ့သည်။

အလားတူဖေဖော်ဝါရီ ၁၉ရက်တနင်္လာနေ့ ညနေ ၅နာရီခွဲတွင် ထိုင်းနိုင်ငံတောင်ပိုင်း နာရီသီဝပ်ပြည်နယ်ရှိ ဆိုင်တစ်ဆိုင်၏ အပြင်ဘက်အမှိုက်ပုံးအတွင်း ထောင်ထားသော ဗုံးတစ်လုံးကို အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခဲ့သဖြင့် လူငါးဦးဒဏ်ရာရရှိသွားသည်။

ထို့အတူ ဖေဖော်ဝါရီ ၂၀ရက် အင်္ဂါနေ့ နံနက် ၇နာရီခွဲတွင် နာရီသီဝပ်ပြည်နယ်ရှိ စာသင်ကျောင်းတစ်ကျောင်း၏ ဝင်ပေါက်အနီး၌လည်းကောင်း၊ နံနက်၈နာရီတွင် ချာနေးခရိုင် လမ်းဆုံတစ်ခု၌လည်းကောင်း ဗုံးတစ်လုံးစီ ပေါက်ကွဲခဲ့သော်လည်း ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။

ထို့အပြင် ဖေဖော်ဝါရီ ၂၀ရက် အင်္ဂါနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်ရှိ အရောင်းဆိုင်တစ်ဆိုင်အတွင်းသို့ လူတစ်ဦးဝင်လာပြီး အထုပ်တစ်ထုပ်ချကာ သုတ်သီးသုတ်ပျာပြန်ထွက်သွားသဖြင့် လုံခြုံရေးတာဝန်ရှိသူများက ထိုအထုပ်ကို အချိန်မီဖယ်ရှားစစ်ဆေးရာ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲမည့် ၅ ကီလိုဂရမ် အလေးချိန်ရှိသော လက်လုပ်ဗုံးဖြစ်နေကြောင်း သိရသည်။ ထိုင်းနိုင်ငံတောင်ပိုင်း ပတ္တာနီပြည်နယ်၊ နာရီသီဝပ်ပြည်နယ်၊ ယာလာပြည်နယ်နှင့် ဆောင်ခလာပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၁၈ ရက် (တနင်္ဂနွေနေ့)ညမှ စပြီး ဗုံးအလုံး ၃၀ကျော်ဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့၍ လူကိုးဦးထက်မနည်းသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ ၆၀ကျော်ရှိကြောင်း ထိုင်းမီဒီယာများ၏ ဖော်ပြချက်ကို ကိုးကား၍ အဆိုပါဆင်ဟွာသတင်းတွင် ရေးသားဖော်ပြထားသည်။ ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ မသင်္ကာသူသုံးဦးကို ဖမ်းဆီးထားကြောင်း သတင်းထုတ်ပြန်ထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***






**အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိပ်ကာနီဗယ်အငူရှိ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒယ်လ်တာ(၂) ဒုံးယာဉ်ကို ဖေဖော်ဝါရီ ၁၇ ရက်က လွှတ်တင်လိုက်စဉ်။**

(ဓာတ်ပုံ-အင်တာနက်)




# မူးယစ်ဆေးဝါးဂိုဏ်းများ မက္ကဆီကို နှိမ်နင်းရန် ပြည်နယ်နှစ်ခုသို့ တပ်ဖွဲ့ဝင်များ စေလွှတ်

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၁၉**

မက္ကဆီကိုနိုင်ငံက မူးယစ်ဆေးဝါးဂိုဏ်းများကို တိုက်ခိုက်နှိမ်နင်းလျက်ရှိရာ ရဲတပ်ဖွဲ့ဝင် အများအပြားနှင့် စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များကို တက္ကဆက်ဒေသနှင့် ထိစပ်နေသော ပြည်နယ်နှစ်ခုသို့ စေလွှတ်ထားကြောင်း ပြည်ထဲရေးဝန်ကြီး အကျိုးနာက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

**တိုးမြှင့်**

လုံခြုံရေးတပ်ဖွဲ့ဝင်များက မက္ကဆီကို မြောက်ပိုင်းရှိ ညျူဖိုလီယွန်နှင့် တာမေလီပါစ်ပြည်နယ်တို့တွင် စစ်ရေးအရ လှုပ်ရှားမှုများ တိုးမြှင့်လုပ်ဆောင်ကြမည်ဖြစ်ပြီး ရေတပ်မှ သင်္ဘောများက ပင်လယ်ကွေ့ကမ်းခြေများတွင် မူးယစ်ဆေးဝါးများတင်ပို့နေမှု ဖမ်းဆီးရမိရေးအတွက် ကင်းလှည့်ဆောင်ရွက်ကြမည်ဖြစ်သည်။

တာမေလီပါစ် ပြည်နယ်သည် မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းများ လှုပ်ရှားရာ အထင်ကရ ပြည်နယ်တစ်ခုဖြစ်သည်။ ညျူဖိုလီယွန်ပြည်နယ်၏ မြို့တော်မွန်ထရီတွင် မူးယစ်ဆေးဝါးနှင့်ဆက်နွယ်သည့် သတ်ဖြတ်မှုများ ပေါ်ပေါက်ခဲ့သည်။

မက္ကဆီကိုသမ္မတ ဖိလစ်ကယ်လ်ဒရွန်သည် သမ္မတရာထူး ရရှိပြီးနောက် ပြည်နယ်အများစုရှိ မူးယစ်ဆေးဝါးဂိုဏ်းများကို တိုက်ခိုက်နှိမ်နင်းရန်အတွက် တပ်ဖွဲ့ဝင်များ စေလွှတ်ခဲ့သည်။

**ပါဝင်**

ကာကွယ်ရေးဌာန၊ ရေတပ်၊ လုံခြုံရေးဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးမှ ဝန်ထမ်း ၂၆၀၀ တို့သည် ပြည်နယ်နှစ်ခုရှိ မူးယစ်ဆေးဝါးဂိုဏ်းများကို နှိမ်နင်းရာတွင် ပါဝင်ကြမည်ဟု အကျိုးနာက သတင်းထောက်များအား ပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***



လန်ဒန်မြို့၌ ဆယ်ကျော်သက်ရွယ် ယောကျာ်းလေးသုံးဦး သေနတ်ပစ်ခံရ၍ သေဆုံးခဲ့ရပြီးနောက် မှုခင်းစစ်ဆေးရေးတပ်ဖွဲ့ဝင်များ သဲလွန်စရှာဖွေနေသည်ကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# မွန်ဂိုလီးယားတွင် သားမွေး၊ သားရေများသိမ်းဆည်းရမိ

**ဟိုဟော့ ဖေဖော်ဝါရီ ၁၉**

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်ကျို့လီ အကောက်ခွန်ဌာနသည်ယခုနှစ်အတွင်းတောရိုင်းတိရစ္ဆာန် သားမွေးနှင့် သားရေ မှောင်ခိုထုတ်ယူမှုများကို ဖြိုခွင်းခဲ့ကြောင်း၊ ရှဉ့်သားမွေး သားရေချပ် ၁၈၈၁ ချပ်ကိုလည်း သိမ်းဆည်းလိုက်ကြောင်း အကောက်ခွန် တာဝန်ရှိသူတစ်ဦးက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

တရုတ်-ရုရှားနယ်စပ်ရှိ မန်ကျို့လီ အကောက်ခွန်ဌာနသည် ရုရှားနိုင်ငံ ဇာဘီကယ်လ်စကီ အကောက်ခွန်ဌာနနှင့်ပူးတွဲပြီး မှောင်ခိုလုပ်ငန်းများကို ချေမှုန်းလျက်ရှိကြောင်း အကောက်ခွန်ညွှန်ကြားရေးမှူး ကျန်ပိုက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မှောင်ခိုသမားများသည် တိရစ္ဆာန်သားမွေးများနှင့် သားမွေးသားရေချပ်များကို အထုပ်များ၏ အတွင်းပိုင်း၌ ထည့်သွင်း၍လည်းကောင်း၊ ခန္ဓာကိုယ်ပေါ်၌ စည်းနှောင်၍လည်းကောင်း သယ်ယူလေ့ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အာဖဂန်ဒုက္ခသည် နှစ်သန်းကျော် ပါကစ္စတန်တွင် ခိုလှုံနေ

**နယူးယောက် ဖေဖော်ဝါရီ ၁၉**

ပါကစ္စတန်အစိုးရအဖွဲ့သည် ၎င်း၏ နိုင်ငံအတွင်း ခိုလှုံလျက်ရှိသည့် အာဖဂန်လူမျိုး ဒုက္ခသည်များအား မှတ်ပုံတင်ကတ်ပြား ထုတ်ပေးသည့်လုပ်ငန်းကို လေးလကြာ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုရန် လျှောက်ထားသူ အာဖဂန်လူမျိုး အရေအတွက်မှာ နှစ်သန်းကျော်ဖြစ်ကြောင်း တာဝန်ရှိသူ တစ်ဦးက တနလ်ာနေ့တွင် ပြောကြားသည်။

အာဖဂန်လူမျိုး ဒုက္ခသည်ဦးရေကို တိတိကျကျ သိရှိရခြင်းဖြင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(ယူအင်အိပ်ချ်စီအာရ်)၊ပါကစ္စတန်နှင့် အာဖဂန်အစိုးရအဖွဲ့တို့အနေဖြင့်ဒုက္ခသည်ဆိုင်ရာ ပြဿနာများ ကိုင်တွယ်ဆောင်ရွက်ရာတွင် အထောက်အကူရရှိမည်ဖြစ်သည်။ ***အမ်အင်အေ၊ပီတီအိုင်။***



အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ ဘတ်စ်ကား တစ်စီးပေါ်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။

*(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်လူဦးရေ ၁၈ သန်းခန့် ဆင်းရဲနွမ်းပါးစွာ နေထိုင်ရ

**အမ္မာန် ဖေဖော်ဝါရီ ၁၉**

အီရတ်နိုင်ငံရှိ လူဦးရေ စုစုပေါင်း ၂၇ သန်းအနက်မှ လူဦးရေ ၁၈ သန်းခန့်သည် ဆင်းရဲနွမ်းပါးစွာ နေထိုင်ရကြောင်း အီရတ်စီမံကိန်းဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(ယူအင်ဒီပီ)က တနင်္ဂနွေနေ့တွင် ထုတ်ပြန်သည့် လေ့လာရေးစစ်တမ်းအရ သိရှိရသည်။

ယင်းလေ့လာရေး စစ်တမ်းသည် ပညာရေး၊ကျန်းမာရေး၊အခြေခံအဆောက်အအုံ၊ စားဝတ်နေရေးအဆင့်အတန်း၊ အိမ်ရာနေထိုင်မှုနှင့် မိသားစုစီးပွားရေးအခြေအနေစသည့် အညွှန်းကိန်းများကို အခြေပြု၍ ဖော်ပြထားခြင်းဖြစ်သည်။

ယင်းစစ်တမ်းအရ အီရတ်နိုင်ငံ၏ တောင်ပိုင်းဒေသများဖြစ်သည့် ကာဒီဆီယာနှင့် အယ်လ်မူသာနာ ပြည်နယ်တို့သည် ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် အောက်ကျနောက်ကျအဖြစ်ဆုံး ဒေသများဖြစ်သည်ဟု ဆိုသည်။

ကျေးလက်ဒေသများ၏ နေထိုင်မှုအဆင့်အတန်းသည် မြို့ပြဒေသများထက် သုံးဆဆိုးရွားသည်ဟုသိရသည်။

တစ်ချိန်တည်းမှာပင် အီရတ်ရှိ အလုပ်လက်မဲ့ အခြေအနေသည် ၁၈ ရာနှုန်းအထိရှိသည်။

ယင်းလေ့လာရေး စစ်တမ်းသည် ၂၀၀၄ခုနှစ်အတွင်း စုဆောင်းထားသည့် အချက်အလက်များကို အခြေခံ၍ ဖော်ပြထားခြင်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# အိန္ဒိယနှင့်ဂျာမနီ ရုပ်ရှင်လုပ်ငန်း ပူးပေါင်းဆောင်ရွက်မည်

**နယူးဒေလီ ဖေဖော်ဝါရီ ၁၉**

အိန္ဒိယနှင့် ဂျာမနီနိုင်ငံတို့သည် ရုပ်ရှင်ဇာတ်ကားများ ပူးတွဲထုတ်လုပ်ရေးဆိုင်ရာ သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက တနလ်ာနေ့တွင် ပြောကြားသည်။

အိန္ဒိယပြန်ကြားရေးနှင့် အသံလွှင့်လုပ်ငန်းဝန်ကြီး ပရီယာရန်ဂျန်နှင့် ဂျာမန်နိုင်ငံခြားရေးဝန်ကြီး ဖရန့်စ်ဝေါလ်တာစတိန်းသားတို့ လက်မှတ်ရေးထိုးလိုက်သည့် သဘောတူညီချက်အရ ရုပ်ရှင်၊ ဗီဒီယို၊ မော်ကွန်းရုပ်ရှင်၊ ကာတွန်းရုပ်ရှင်နှင့် အသံပိုင်းဆိုင်ရာလုပ်ငန်းတို့တွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်သည်။

အဆိုပါ သဘောတူညီချက်သည် မိမိတို့နှစ်နိုင်ငံ စီးပွားရေးနှင့် ယဉ်ကျေးမှုအရ ပူးပေါင်းဆောင်ရွက်မှု တိုးတက်မြင့်မားလာမှုကို ဖော်ညွှန်းနေကြောင်း ပူးတွဲကြေညာချက်တွင် ဖော်ပြသည်။

***အမ်အင်အေ၊ ပီတီအိုင်။***

# ကာဇက်စတန်တွင် တိုက်လေယာဉ်ပျက်ကျ

**အယ်လ်မာတာ ဖေဖော်ဝါရီ ၁၉**

ကာဇက်စတန်နိုင်ငံ ကာရာဂန်ဒါမြို့တွင် စနေနေ့က ဂျက်တိုက်လေယာဉ်တစ်စင်းပျက်ကျမှုဖြစ်ပွားရာ စစ်ဘက်မှ အရာရှိနှစ်ဦးသေဆုံးကြောင်း စစ်ဘက်ဆိုင်ရာသတင်းရပ်ကွက်ကပြောကြားသည်။

လေ့ကျင့်ပျံသန်းခဲ့ပြီးနောက် ကာရာဂန်ဒါမြို့ရှိလေယာဉ်ကွင်းသို့ ဆင်းသက်စဉ်တွင် ပျက်ကျခြင်းဖြစ်သည်။အမ်အိုင်ဂျီ-၃၁ ဘီ အမျိုးအစား တိုက်လေယာဉ် ပျက်ကျရသည့်အကြောင်းရင်းကို စစ်ဘက်က ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

***အမ်အင်အေ၊ ရိုက်တာ။***

**အမေရိကန်နိုင်ငံ အော်ရီဂွန်ပြည်နယ်ရှိ ဟုဒ်တောင်တန်းနှင်းပြင်ပေါ်တွင် ဒုက္ခတွေ့နေသူများကို ရေခဲပြင်သွားယာဉ်ဖြင့် ကယ်တင်လာသည်ကို ဖေဖော်ဝါရီ ၁၉ရက်က တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*



# အိန္ဒိယခရီးသည်တင်အမြန်ရထား ဗုံးခွဲသည့်ကိစ္စ မသင်္ကာသူတစ်ဦးကို စစ်ဆေးနေ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၀**

ခရီးသည်ပေါင်း ၆၈ဦး သေဆုံးခဲ့ရသည့် အိန္ဒိယ-ပါကစ္စတန် ပြေးဆွဲသည့် အမြန်ရထား ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ပါကစ္စတန်လူမျိုးတစ်ဦးကို အိန္ဒိယအာဏာပိုင်များက စစ်ဆေးမေးမြန်းလျက်ရှိကြောင်း မီဒီယာသတင်းများက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှ ခရီးသည် ၆၁၉ဦး လိုက်ပါစီးနင်းလျက် ပါကစ္စတန်နိုင်ငံ လာဟိုးမြို့သို့အသွား ဆမ်ဂျူတာရထား ပေါက်ကွဲမှုအဖြစ်ဆိုးနှင့် ကြုံရခြင်းဖြစ်သည်။

ပေါက်ကွဲမှုဖြစ်ပွားပြီးနောက်ပိုင်း၌ ရထားတွဲတစ်တွဲပေါ်၌ ကရာချိ၌နေထိုင်သူ အတ်စ်မင်မိုဟာမက်ဆိုသူကို အိမ်လုပ်ဗုံးတစ်လုံးနှင့်အတူ တွေ့ရှိခဲ့သည်ဟု ဟာရာနာပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲ ရှာရတ်ဒ်ကူးမားက ပြောကြားသည်။

ထို့အပြင် ဒဏ်ရာရထားသူတစ်ဦး၏ ပြောပြချက်များကို အခြေခံ၍ ရေးဆွဲထားသောလူနှစ်ဦး၏ရုပ်ပုံကြမ်းကိုဖော်ပြ၍ ရဲတပ်ဖွဲ့ကအလိုရှိကြောင်း ထုတ်ပြန်ကြေညာထားသည်။ ယခုဗုံးပေါက်ကွဲမှုတွင် ပါဝင်ပတ်သက်သူ လေးဦးမှငါးဦးအထိ ရှိလိမ့်မည်ဟု ရဲတပ်ဖွဲ့က ယူဆထားသည်။ အလိုရှိသူများကို ဖမ်းမိအောင် သတင်းပေးနိုင်သူကို ဆုကြေးငွေ ရူပီး ၁၀၀၀၀၀ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။ ***အင်တာနက်။***

# ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်ပါက တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး ယုံကြည်အားထားသော သန့်ရှင်းသည့် အုပ်ချုပ်မှုယန္တရားဖြစ်ပေါ်စေရန် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနသည် ဝန်ကြီးဌာနအောက်ရှိ ဌာန၊ အဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုကို ရည်မှန်းချက်များချမှတ်လျက် တိကျမှန်ကန်စေရေးအတွက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ဤသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးဆိုင်ရာကိစ္စများနှင့် ဆက်စပ်၍လည်းကောင်း၊ အခွန်ဆိုင်ရာကိစ္စများနှင့် ဆက်စပ်၍လည်းကောင်း အခြားသိလိုသည့် အချက်အလက်များရှိပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ၌ ပွင့်လင်းစွာမေးမြန်းစုံစမ်းနိုင်သည်။

လုပ်ငန်းဆောင်ရွက်မှုများတွင် ဝန်ထမ်းများ၏ မမှန်မကန်ဆောင်ရွက်မှုကြောင့် အခက်အခဲပေါ်ပေါက်လျှင်သော်လည်းကောင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး နိုင်ထက်စီးနင်းပြုကျင့်ခြင်း၊ တရားမဝင်ငွေကြေး၊ တံစိုးလက်ဆောင် တစ်စုံတစ်ရာတောင်းခံ၊ ပေးကမ်းရခြင်းများရှိလျှင်သော်လည်းကောင်း၊ ကျေနပ်မှုမရှိလျှင်သော်လည်းကောင်း ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၀၀၅၅၊ ဖက်စ်-၀၆၇-၄၁၀၁၉၄၊ ဒုတိယဝန်ကြီး ဖုန်း-၀၆၇-၄၁၀၀၄၂၊ ဖက်စ်-၀၆၇-၄၁၀၁၀၂၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၁၀၀၄၆၊ဖက်စ်-၀၆၇-၄၁၀၁၈၉ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရုံး၊ အမှတ်(၂၆)၊နေပြည်တော် e-mail address : mofar@mptmail.net.mm တို့ဖြစ်သည်။

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူများ၏ စည်းကမ်းနှင့်အညီ တိုင်ကြားချက်များကို တရားမျှတမှုရှိစေရေးအတွက် ဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ အရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်းများ မမှန်မကန်ဆောင်ရွက်မှုရှိပါက မည်သူမဆို တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နိုင်ငံတော် အုပ်ချုပ်ရေးယန္တရားကို ပြည်သူလူထု ယုံကြည်အားကိုးသည့် သန့်ရှင်းသောအုပ်ချုပ်ရေးယန္တရားတစ်ရပ် ဖြစ်ပေါ်လာစေရန် အဘက်ဘက်မှ စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ပြည်သူလူထုအတွက် ကောင်းမွန်မှန်ကန်သော ဝန်ဆောင်မှုပေးနိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာန၌ ဝန်ကြီးရုံးအဖွဲ့၊ စွမ်းအင်စီမံရေးဦးစီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတို့ကိုဖွဲ့စည်းလျက် ဝန်ကြီးဌာန၏ ရည်မှန်းချက်တာဝန်များဖြင့် ပြည်သူလူထုအကျိုးစီးပွားကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် စွမ်းအင်ဝန်ကြီးဌာနရှိ ပြည်သူ့ဝန်ထမ်းအဆင့်အတန်းအားလုံးထဲမှ တစ်ဦးဦးသည် ငွေကြေး၊ ပစ္စည်း၊ အခွင့်အရေး၊ အဂတိလိုက်စားမှု ပြုလုပ်လျှင်သော်လည်းကောင်း၊ တည်ဆဲလုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသော မမှန်မကန်လုပ်ပိုင်ခွင့်ကို အသုံးပြု၍ ကိုယ်ကျိုးရှာမှု၊ အနိုင်အထက်ပြုကျင့်မှုများ ပြုလုပ်ခဲ့လျှင်သော်လည်းကောင်း နစ်နာခံစားရသူ ပြည်သူလူထုကိုယ်တိုင်က စာဖြင့်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဖော်ပြပါလိပ်စာနှင့် ဖုန်းနံပါတ်များသို့ တိုင်ကြားနိုင်သည်။

ယင်းတို့မှာ ဝန်ကြီး ဖုန်း-၀၆၇-၄၁၁၀၄၉၊ ဒုတိယဝန်ကြီး ဖုန်း-၀၆၇-၄၁၁၀၅၄၊ ရုံးအဖွဲ့မှူး ဖုန်း-၀၆၇-၄၁၁၀၆၀၊ ဖက်(စ်)၀၆၇-၄၁၁၀၁၂၊ စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆) နေပြည်တော်၊ e-mail; myanenergy @ mptmail.net. mm တို့ ဖြစ်သည်။

ဝန်ကြီးရုံးက ဥပဒေနှင့်အညီ မြန်ဆန်ထိရောက်စွာ စုံစမ်းစစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူလူထုကလည်း နည်းလမ်းတကျ ပူးပေါင်းပါဝင်ကြရန် စွမ်းအင်ဝန်ကြီးဌာနက တိုက်တွန်းထားသည်။

(သတင်းစဉ်)

# တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ပင်ရင်းမြန်မာစာ ဘာသာရပ်မှ ပြင်ဆင်ချက်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဖေဖော်ဝါရီ ၁၇ နေ့ထုတ် သတင်းစာများပါ ပင်ရင်းမြန်မာဘာသာ သိမှတ်ဖွယ်ရာလာ ပိုဒ်ရေ(၂၄)မှ-

**"ဝိဓူရသိပ္ပလင်္ကာ" ကဗျာကိုရေးသူမှာ ရှင်မဟာရဋ္ဌသာရဖြစ်ကြောင်း၊ "နွေဦးကာလ မြူထသောခါ" ကို ညောင်ရမ်းခေတ်တွင် ရေးခဲ့ကြောင်း၊ "ဘုန်းနှင့်ကံနှင့်ရွှေသဇင်" သည် ရကန်ကဗျာအမျိုးအစားဖြစ်ကြောင်း၊ "သင်ဖွားသောမြေ သင်တို့မြေ" ဆိုသည်မှာ မြန်မာနိုင်ငံကိုဆိုလိုကြောင်း စသဖြင့် ဖြေဆိုရပုံမျိုးဖြစ်တယ်။**-ကို ပိုဒ်ရေ (၂၁)သို့ ပြောင်းရွှေ့ဖတ်ရှုပါရန်။



# ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီအား ဒေဝူးကုမ္ပဏီအဖွဲ့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

စွမ်းအင်ဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ် လွန်းသီအား Daewoo International E & P ကုမ္ပဏီ Managing Director, Dr. Su-yeong yong ဦးဆောင်သော အဖွဲ့သည် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် A-1 နှင့် A-3 စီမံကိန်း အကောင်အထည်ဖော်ရေး ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးညှိနှိုင်းကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေ၊ စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ စွမ်းအင်စီမံရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ညွှန်ကြားရေးမှူး(ကမ်းလွန်) ဦးမြင့်ဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျုံ့မငေးအသင်း(ရန်ကုန်) ဆရာတော်ပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ကျုံ့မငေးမြို့ အုန်းပင်ဘက် စက်ရုံဓမ္မရိပ်သာကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသုမနအား ဖေဖော်ဝါရီ ၂၅ရက် နံနက်တွင် အမှတ်(၅၇) လှည်းတန်းလမ်း လမ်းမတော်မြို့နယ်ရှိ ကျုံ့မငေးမြို့နယ်အသင်းတိုက်၌ ပူဇော်ပွဲကျင်းပမည်ဖြစ်ပါ၍ အသင်းသူအသင်းသားများ တက်ရောက်ပူဇော်ကြည်ညိုနိုင်ကြောင်း သိရသည်။ (က-ပ)

**ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ရဟန်းဒါယကာကြီး ဦးကျင်စိန်အားရည်စူး၍ ဇနီး ဒေါ်ခင်မြ(ခ)ဖွားမေ (မိုးညှင်းယောဂီ)၊ သမီး ဒေါ်လီဝင်း၊ တူမ ဒေါက်တာ ဆွေဆွေဝင်း၊ မြေးမောင်သက်ထွေး၊ မနွေးနွေး မိသားစုတို့က အလှူငွေကျပ် နှစ်သိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



# သိက္ခာထပ် ဂုဏ်ပြုပူဇော်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အောင်ဇေယျအိမ်ရာ တိုက်(၂၄)နေ အလှူ့ဒါယကာ ဦးစိုးပိုင်-အလှူ့ဒါယိကာ မဒေါ်ခင်အေး (သစ်ဆန်းဆန်ရောင်းဝယ်ရေး) မိသားစုတို့က ဗဟန်းမြို့နယ် မင်းကွန်း(၂)ကျောင်း သက်တော်ရှည် ရှင်ပြန်ဆရာတော် ဘဒ္ဒန္တကေသရအား သိက္ခာထပ် အလှူတော်မင်္ဂလာနှင့် ရန်ကုန်မြို့နေ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများက အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကရင်ပြည်နယ် ရွှေဂွန်းရွာ ရတနာမှန်ကျောင်းတိုက် မဟာနာယက ဆရာတော် ဘဒ္ဒန္တ နိပကာဘိဝံသအား ဂုဏ်ပြုပူဇော်ပွဲကို အင်းစိန်မြို့ ကမ်းနားလမ်း အလယ်ရပ်ကွက် ရတနာကံကြီး ပရိယတ္တိစာသင် တိုက်၌ မတ် ၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်၍ သိက္ခာထပ်နှင့် ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားသို့ တက်ရောက်ရန် နှိုးဆော်ထားကြောင်း သိရသည်။

(၆၁)

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀နှင့် အမှတ်(၂) တပ်မတော်သားဖွားမီးယပ်နှင့် ကလေးဆေးရုံ ခုတင်-၃၀၀ နေပြည်တော်တို့အတွက် ဆေးနှင့်ဆေးပစ္စည်းများကို အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ ခေတ္တတပ်မှူး ဒုတိယဗိုလ်မှူးကြီးစိုးထက်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) တပ်မတော်ဆေးရုံများသို့ ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)က အမှတ်(၂)တပ်မတော်ဆေးရုံကြီးခုတင် (၁၀၀၀) နှင့် အမှတ်(၂) တပ်မတော် သားဖွား မီးယပ်နှင့်ကလေးဆေးရုံ ခုတင်(၃၀၀) နေပြည်တော်တို့အတွက် ဆေးနှင့် ဆေးပစ္စည်းများလှူဒါန်းပွဲကို ယမန်နေ့မွန်းလွဲ ၁နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ဧည့်ခန်းမဆောင်၌ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် ဗဟိုအလုပ်အမှုဆောင်များ တက် ရောက်ကြသည်။

အစီအစဉ်အရ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားပြီး ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) ခေတ္တတပ်မှူး ဒုတိယဗိုလ်မှူးကြီးစိုးထက်က လက်ခံသည်။ ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးကျော်စိုးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ ခေတ္တတပ်မှူးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို)မှ လှူဒါန်းသော ဆေးနှင့်ဆေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၄၃သိန်းကျော်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
## မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန

### ကြက်၊ ဘဲ၊ ငှက် သေဆုံးမှုသတင်းများနှင့်အရေးယူဆောင်ရွက်မှု

၁။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ပြည်နယ်၊တိုင်းအသီးသီးရှိ ဆောင်းရာသီ ကြက်ငှက်တုပ်ကွေးရောဂါ ကျရောက်ဖြစ်ပွားနိုင်ခြေရှိသောဒေသများရှိ ကြက်၊ ဘဲများ၏ မွေးမြူထုတ်လုပ်မှုနှင့် ကျန်းမာရေးအခြေအနေ စစ်ဆေးခြင်း၊ ရောဂါနမူနာများ ရယူ၍ ရောဂါစူးစမ်းရှာဖွေခြင်း၊ ကျန်းမာရေးဦးစီးဌာန၊ မွေးမြူရေး လုပ်ငန်းအဖွဲ့ချုပ်၊ မြို့နယ်စည်ပင်သာယာ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ပါဝင်သော ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကော်မတီမှ လတ်ဆတ်ကျန်းမာသော တိရစ္ဆာန်နှင့် အသား၊ ဥတို့ သယ်ဆောင်မှုကို စိစစ်ခွင့်ပြုခြင်း၊ ကြက်၊ ဘဲနှင့် ကြက်ဥ၊ ဘဲဥဈေးများ၏ သန့်ရှင်းမှုအညစ်အကြေးများ စွန့်ပစ်မှုစစ်ဆေးခြင်းနှင့် ပြည်သူလူထုအသိပညာပေးလုပ်ငန်းများကို မျက်ခြည်မပြတ် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

၂။ ယခုကာလအတွင်း ကြက်၊ဘဲ၊ ငှက် သေဆုံးမှုသတင်းများ ရရှိ၍ စစ်ဆေးဆောင်ရွက်လျက်ရှိရာတွင်-

(က) **ကန့်ဘလူမြို့နယ် ဘဲသေဆုံးမှု သတင်း။** ၂၀၀၇ ခုနှစ် ဇန်နဝါရီ နောက်ဆုံးပတ် ကန့်ဘလူမြို့နယ်၌ ဘဲကောင်ရေ လေးထောင်ခန့် သေဆုံးကြောင်း ကောလာဟလသတင်း ဖြစ်ပွား၍ မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကော်မတီ၏ ကွင်းဆင်းစစ်ဆေးချက်အရ မြို့နယ်အတွင်း တစ်နိုင်၊ တစ်ပိုင် ဘဲ ၄-၅ ကောင်စီခန့်သာ မွေးမြူခြင်း၊ စီးပွားဖြစ်မွေးမြူမှုမရှိခြင်း၊ ကြက်၊ ဘဲ သေဆုံးမှု မတွေ့ရှိရခြင်းတို့ကြောင့် နိုင်ငံပြင်ပ ရေဒီယို အသံလွှင့်ဌာနများ၏ ကောလာဟလသတင်း ဖြစ်ကြောင်း၊

(ခ) **ပြည်ကြီးတံခွန်မြို့နယ် ကြက်သေဆုံးမှု သတင်း။** ၄-၂-၂၀၀၇ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် ထိန်ကုန်းရပ်ကွက်၊ အသားစား ကြက်မွေးမြူရေးခြံတစ်ခုတွင် ကြက်သားပေါက်ကောင်ရေ ၈၀၀ အနွေးဓာတ်ပေး မွေးမြူရေးကာလအတွင်း ရက်သား ကြက်ငယ်အကောင် ၂၀ သေဆုံးကြောင်း သတင်းရရှိ၍ ကွင်းဆင်းစစ်ဆေးရာ ကြက်ကလေးများ အနွေးဓာတ် အပြည့်အဝ မရရှိ၍ အအေးမိသေဆုံးကြောင်း၊

(ဂ) **ပဲခူးမြို့နယ် ကြက်ဆင်သေဆုံးမှု သတင်း။** ၆-၂-၂၀၀၇ရက် ပဲခူးမြို့ရှိ မွေးမြူရေးခြံတစ်ခြံ၌ ဘဲကောင်ရေ ၄၀၊ ကြက်ဆင် ၁၀ကောင် မွေးမြူထားရာ ကြက်ဆင်ငါးကောင် သေဆုံးသဖြင့် ရန်ကုန်တိရစ္ဆာန်ရောဂါစစ်ဆေးရေးဓာတ်ခွဲခန်းပေးပို့ စစ်ဆေးခဲ့ရာ ကြက်ငှက် တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။ ကြက်ဝမ်းကျရောဂါဖြင့် သေဆုံးခြင်းကို စစ်ဆေးဖော်ထုတ်ခဲ့ပြီး မွေးမြူရေးခြံရှိ ဘဲနှင့်ကြက်များအား ကြက်ဝမ်းကျရောဂါ ကာကွယ်ဆေး ထိုးနှံပေးခဲ့ကြောင်း။

(ဃ) **ကျောက်ပန်းတောင်းမြို့နယ် ကြက်သေဆုံးမှုကောလာဟလ သတင်း။** ၇-၂-၂၀၀၇ ရက် စီးပွားဖြစ်မွေးမြူရေး ကြက်ခြံများတွင် ကြက်များသေဆုံးကြောင်း ကောလာဟလသတင်း ဖြစ်ပွားသဖြင့် မြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးကော်မတီက မွေးမြူရေးခြံ ၄၀ရှိ ကြက်ကောင်ရေ နှစ်သောင်းကျော်အား စစ်ဆေးရာ ကြက်များသေဆုံးမှုမရှိဘဲ ကျန်းမာလျက်ရှိကြောင်း။

(င) **အမရပူရမြို့နယ် ကြက်သေဆုံးမှုသတင်း။** ၉-၂-၂၀၀၇ ရက်တွင် အမရပူရမြို့နယ် ရှားတောကျေးရွာမှ မွေးမြူရေးကြက်ခြံတစ်ခြံတွင် ကြက်သားပေါက်နှစ်ကောင် သေဆုံးမှုကို မန္တလေး တိရစ္ဆာန်ရောဂါစစ်ဆေးရေးဓာတ်ခွဲခန်း၏ စစ်ဆေးချက်အရ ကြက်ဆီဘူးရောင်ရောဂါဖြစ်ကြောင်း။

(စ) **ကလေးမြို့နယ် စာကလေးသေဆုံးမှု သတင်း။** ၁၁-၂-၂၀၀၇ ရက် တောင်သာကျေးရွာ လူငယ်သင်တန်းကျောင်းအနီး ရေစင်တွင် စာကလေးခြောက်ကောင် သေဆုံးမှုရှိ၍ မန္တလေးရောဂါ တိရစ္ဆာန်ရောဂါစစ်ဆေးရေးဓာတ်ခွဲခန်း၏ စစ်ဆေးချက်အရ ကြက်ငှက်တုပ်ကွေးရောဂါ ဗိုင်းရပ်(စ်)ပိုး မတွေ့ရှိရကြောင်း။

(ဆ) **ကျီးကန်းသေဆုံးမှုသတင်း။** ၁၄-၂-၂၀၀၇မှ ၁၉-၂-၂၀၀၇ ရက်များအတွင်း သန်လျင်မြို့နယ်၊ ရပ်ကွက်လေးခုတွင် ကျီးကန်းနှစ်ကောင်မြေကျသေဆုံးပြီး ကျီးအရှင် ၁၁ကောင်မြေကျမှုရှိခဲ့ကြောင်း၊ အင်းစိန် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းမှ စစ်ဆေးချက်အရ ကြက်ငှက်တုပ်ကွေးရောဂါဗိုင်းရပ်(စ်)ပိုး မတွေ့ရှိရကြောင်း၊ အခြားရောဂါ ရှာဖွေစစ်ဆေးရန်အတွက် ဓာတ်ခွဲခန်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သတင်းရရှိသည်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**




**ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ၁၂၃လမ်းနေ မောင်ဉာဏ်လင်းထွန်းနှင့် မယမင်းဇာဇာလွင်တို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို တိပိဋကဓရဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ-နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဗိုလ်ကြီးမောင်ကြီးအား ရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၉)ရပ်ကွက် သူရ(၆)လမ်းနေ ဇနီးဒေါ်ခင်လှနှင့် သား၊ သမီး၊ မြေးတစ်စုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် အရှင်ဝိမလ (ကျောက်ဆည်) ရှေ့မှောက်၌ လှူဒါန်းစဉ်။** (ကြေးမုံ)

## ယဥ်ကျေးချမ်းမြေ့သင်တန်း ဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် လေးဒေါင့်ကန်စံပြကျေးရွာ ချမ်းမြေ့မြိုင်ရိပ်သာကျောင်းတိုက်တွင် တတိယအကြိမ်မြောက် ဗုဒ္ဓ၏ ယဉ်ကျေးချမ်းမြေ့သင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၇ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ အသက်(၉)နှစ်မှ (၁၈)နှစ်အတွင်း သင်တန်းသား ၂၀၀ လက်ခံမည်ဖြစ်သည်။

**လှူဒါန်းနိုင်**

သင်တန်း တက်ရောက်လိုသူများသည် ဖေဖော်ဝါရီ ၁၉ ရက်မှစ၍ ချမ်းမြေ့မြိုင်ရိပ်သာကျောင်း ရုံးခန်း မင်္ဂလာဒုံ ဖုန်း-၀၉၈၀၂၃၅၀၇ နှင့် ဦးတင်လှိုင် (သင်တန်းအတွင်းရေးမှူး) ပါရမီကုမ္ပဏီလီမိတက် အမှတ်(၈၇) မြေညီထပ် စံရိပ်ငြိမ် ရန်ကုန်-အင်းစိန်လမ်း ကမာရွတ်မြို့နယ် ဖုန်း-၅၃၅၄၁၉၊ ၅၃၆၄၅၃ တို့သို့ နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအတွင်း စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ကျောင်းရှိ သံဃာတော်များနှင့် သင်တန်းသားများ အတွက်လည်း အထက်ပါလိပ်စာတွင် လှူဒါန်းနိုင်ကြကြောင်း သိရသည်။ (က-ပ)

## အင်တာနက် ကျန်းမာရေးသတင်း

## ကိုယ်ဝန် ၂၁ ပတ်ဖြင့်မွေးသော ကလေးငယ် ထူးထူးခြားခြား အသက်ရှင်

**မီယာမီ ဖေဖော်ဝါရီ ၂၀**

လမစေ့မီ မွေးသောကလေးများအနက် ကိုယ်ဝန်လွယ်ချိန် ၂၁ ပတ်နှင့် ၆ ရက်သာရှိသော ကလေးသည် စံချိန်တင်သော ကလေးပင်ဖြစ်သည်။ ယခင်အခါက ထိုမျှ ကိုယ်ဝန်လွယ်ချိန်ကာလဖြင့် မွေးဖွားလာလျှင် အသက်ရှင်လေ့မရှိခဲ့ပေ။ ယခုကလေးမှာမူ ထူးထူးခြားခြား သေကံမရောက်ဘဲ အသက်ရှင်လာသည့် မယ်ကံကောင်းကလေးဖြစ်သည်။

**လေးလကြာ**

ထိုကလေးသည် ယခုအခါ အမေရိကန်နိုင်ငံ မီယာမီမြို့ရှိ ဘက်ပတစ်ကလေးဆေးရုံမှဆင်းကာ မိဘများနှင့်အတူ နေထိုင်နေပြီဖြစ်သည်။ ၎င်းသမီးကလေးမှာ ဖော်ပြပါဆေးရုံ ကလေးအထူးကုဆောင်တွင် လေးလကြာ တက်ခဲ့ရပြီးနောက် ဆေးရုံမှဆင်းရခြင်းဖြစ်သည်။

ယခင်က ကိုယ်ဝန်လွယ်ချိန် ၂၃ ပတ်ထက်စော၍ မွေးဖွားလာသောမည်သည့်ကလေးမျှ အသက်ရှင်ခဲ့ခြင်းမရှိပေ။ သို့ဖြစ်၍ လမစေ့မီ မွေးဖွားသော ကလေးများအနက် ၎င်းကလေးသည် စံချိန်တင်သည်ဟု ဆိုခြင်းဖြစ်သည်။

၎င်း၏ အမည်မှာ အမီလီယာတေလာဖြစ်ပြီး ၂၀၀၆ခုနှစ် အောက်တိုဘာ ၂၄ ရက် မွေးဖွားချိန်၌ ကိုယ်အလေးချိန်မှာ ၁၀ အောင်စသာ ရှိသည်။ ထိုစဉ်က ကလေး၏ အရပ်မှာ ၉ ဒသမ ၅ လက်မသာရှိကြောင်း သိရသည်။ ***အင်တာနက်***



**လမစေ့မီ မွေးဖွားသောကလေးငယ် အမီလီယာတေလာကို ဆေးရုံပေါ်၌ တွေ့ရစဉ်။** *(ဓာတ်ပုံ- အင်တာနက်)*

## အကြမ်းဖက်အဖျက်သမားများ ချိန်ကိုက်မိုင်းထောင်ဖောက်ခွဲမှုကြောင့် မော်လမြိုင်မြို့ ဈေးကြိုကားဂိတ်အတွင်း ရပ်နားထားသော ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်၌ မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွား

### ယာဉ်ကိုယ်ထည်အနည်းငယ်နှင့် ထိုင်ခုံအခင်းပြားများပျက်စီး၊ လူထိခိုက်ဒဏ်ရာရမှုမရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၀

**အကြမ်းဖက်အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်မှု၊ ရပ်ရွာအေးချမ်းသာယာမှု၊ တရားဥပဒေစိုးမိုးမှုနှင့် ပြည်သူလူထု၏ လုံခြုံမှုများထိခိုက်ပျက်ပြားစေရန်အတွက် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးလုပ်ကြံလျက်ရှိကြောင်း သတင်းများရရှိသဖြင့် လုံခြုံရေးသတိ ထားရှိဆောင်ရွက်နိုင်ကြရန် သတင်းများထုတ်ပြန် အသိပေးလျက်ရှိသည်။**

ဖေဖော်ဝါရီ ၂၀ရက် ယနေ့နံနက် ၁၁နာရီ ၁၅မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုအဝေးပြေးကားဂိတ်တွင် ရပ်နားထားသော ခရီးသည်တင် မှန်လုံယာဉ်တစ်စီးပေါ်၌ အကြမ်းဖက်အဖျက်သမားများထောင်ထားခဲ့သည့် ချိန်ကိုက်မိုင်းတစ်လုံး ပေါက်ကွဲခဲ့ကြောင်းနှင့် ယာဉ်ပေါ်၌ ယာဉ်မောင်းနှင့် ခရီးသည်နှစ်ဦးသာ ရှိနေသဖြင့် ထိခိုက်ဒဏ်ရာရမှု မရှိကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ယာဉ်မောင်းဦးစိုးမင်း မောင်းနှင်သည့် “စိုးရတနာ”ခရီးသည်တင် မှန်လုံယာဉ် (၅ခ/၃၀၄၄) သည် ကျိုက်ထိုမှ မော်လမြိုင် ဈေးကြိုကားဂိတ်သို့ ယနေ့နံနက် ၁၀နာရီ ၁၅မိနစ်တွင် ရောက်ရှိပြီး ကျိုက်ထိုသို့ ပြန်လည်ထွက်ခွာရန် ရပ်နားထားစဉ် နံနက် ၁၁နာရီ ၁၅မိနစ်တွင် ထိုင်ခုံအမှတ်(၁၂)အောက်မှ ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ကားကိုယ်ထည်သံပြား အချင်းတစ်ပေခွဲခန့် ပွင့်ထွက်ကာ ထိုင်ခုံနှစ်လုံး၏ ရေမြှုပ်နှင့် သုံးထပ်သားပြားအခင်း ပျက်စီးသွားပြီး မီးအနည်းငယ်လောင်သဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရကြောင်းနှင့် ပေါက်ကွဲမှုဖြစ်ပွားသည့်နေရာတစ်ဝိုက် ကြည့်ရှုစစ်ဆေးရာ မိုင်းအစအနနှင့် ဆက်စပ်ပစ္စည်းများမတွေ့ရဘဲ ယမ်းအားသုံး၍ ဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်ဟု သိရသည်။

ယင်းဖောက်ခွဲမှုကျူးလွန်ခဲ့သည့် အကြမ်းဖက်အဖျက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် သက်ဆိုင်ရာက ရှာဖွေစုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းနှင့် အများပြည်သူများအနေဖြင့် မိမိတို့၏ နေ့စဉ်လူမှုစီးပွားရေးဘဝ အေးချမ်းလုံခြုံမှုရှိစေရေးအတွက် ပါဝင်ပူးပေါင်းခြင်းဖြင့် ကူညီဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မီးလောင်မှုနှင့်ပတ်သက်၍ ထပ်မံသတင်းရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ဖေဖော်ဝါရီ ၁၅ရက်ထုတ် သတင်းစာများတွင် မီးလောင်မှုဖြစ်ပွားသည့် သတင်း၌ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၀)ရပ်ကွက် ဧရာလမ်းအမှတ် (၂၆၅)တွင် မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ဖော်ပြခဲ့သော်လည်း ထပ်မံရရှိသော သတင်းများအရ ဧရာလမ်း အမှတ်(၂၅၇/၂၅၈)ရှိ အဆောက်အအုံတစ်လုံးတွင် မီးဖိုမီးကြွင်း မီးကျန်မှ မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ယာဉ်သွားလမ်းအကျယ် ၂၄ပေဖြစ်သည်။ တံတားအမျိုးအစားမှာ ကမ်းကပ်ခုံအုတ်မြစ်၊ ရေလယ်တိုင်သံကူကွန်ကရစ်ဖြစ်၍ တံတားအပေါ်ထည်မှာ သံကူ ကွန်ကရစ်တိုင်၊ သံကူကွန်ကရစ်ရက်မနှင့် ကြမ်းခင်းဖြစ်သည်။ ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၄၈ ပေ၊ အမြင့် ခြောက်ပေဖြစ်ပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် မော်တော်ယာဉ်များဖြင့် တောင်ကြီး-လဲချား ကားလမ်းတစ်လျှောက်ရှိ ဟိုပုန်း၊ မိုင်းပွန်၊ လွိုင်လင်၊ ပင်လုံနှင့် လဲချားမြို့များ၏ ဒေသဖွံ့ဖြိုးတိုးတက်မှု၊ ခြံစည်းရိုးကြက်ဆူပင်နှင့် အခြားသီးနှံများ စိုက်ပျိုးထားမှုနှင့် လမ်း၊ တံတားအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)သို့ ရောက်ရှိကြည့်ရှုစစ်ဆေးကာ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)တာဝန်ခံ ဒေါက်တာဥမ္မာမြိုင်နှင့် တာဝန်ရှိသူများအား ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)၏ လိုအပ်ချက်များကို မေးမြန်းဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် လဲချားမြို့မှ တစ်ဆင့် မိုင်းနောင်မြို့သို့ထွက်ခွာ၍ လဲချား-မိုင်းနောင်ကြား မြေလွတ်မြေရိုင်းများတွင် ဒေသနှင့်ကိုက်ညီသော သီးနှံများ တိုးချဲ့ဖော်ထုတ် စိုက်ပျိုးရေးတာဝန်ရှိသူများအား မှာကြားပြီး ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် မိုင်းရှူးမြို့သို့ ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## (၆၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။




## ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး
## စက်ရေတွင်းများ လှူဒါန်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၀**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်နှင့်တိုင်းများရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ စက်ရေတွင်းလှူဒါန်းလိုသော စေတနာရှင်များအနေဖြင့် နှစ်လက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၂၅၀၀၀၀၊ နှစ်လက်မ စက်ရေတွင်း အနက်ပေ ၄၀၀ တစ်တွင်း စက်ပစ္စည်းစုံ ငွေကျပ် ၅၀၀၀၀၀၊ လေးလက်မ စက်ရေတွင်း အနက်ပေ ၂၀၀ တစ်တွင်း စက်ပစ္စည်းစုံငွေကျပ် ၅၀၀၀၀၀နှုန်းဖြင့် လှူဒါန်းနိုင်သည်။

စက်ရေတွင်း လှူဒါန်းလိုသူများသည် ညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၀၂၆၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း-၀၆၇-၄၀၈၃၆၂၊ ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်ဂျင်နီယာ) ဖုန်း-၀၁-၂၈၁၉၆၇၊ ညွှန်ကြားရေးမှူး(ဘဏ္ဍာ)ဖုန်း-၀၆၇-၄၀၈၄၀၇၊ ညွှန်ကြားရေးမှူး(စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၇၁-၂၂၇၆၀၊ညွှန်ကြားရေးမှူး(မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့) ဖုန်း-၀၆၃-၂၃၁၆၄၊ ညွှန်ကြားရေးမှူး(မန္တလေးတိုင်းစည်ပင်သာယာရေးအဖွဲ့)ဖုန်း-၀၂-၅၄၆၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ခဝဲခြံ ဒေါ်လှပန်းလမ်းနေ ခင်ပွန်း ဦးကျော်သန့်နှင့် သားသမီးများက မိခင်ကြီး ဒေါ်ခင်အေးကြူ တစ်နှစ်ပြည့်အတွက် ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရှိဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူ ငွေကျပ်သုံးသိန်းကို ဖောင်ဒေးရှင်း အုပ်ချုပ်ရေးမှူးချုပ် ဦးပြိုးထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၇:၀၀ | ၁။ မြဝတီအဖွင့် |
| ၇:၀၅ | ၂။ အဖွင့်သီချင်း |
| ၇:၁၀ | ၃။ မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ အပိတ်နှုတ်ဆက်စကား |
| ၈:၁၆ | ၁၂။ ပြီးပါပြီ။ |

**ညပိုင်း**

| | |
|---|---|
| ၄:၀၀ | ၁။ မြဝတီအဖွင့် |
| ၄:၀၅ | ၂။ အဖွင့်သီချင်း |
| ၄:၁၅ | ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၃၀ | ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄:၅၀ | ၅။ မျိုးချစ်တပ်မတော် |
| ၅:၁၀ | ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ |
| ၅:၂၀ | ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅:၃၀ | ၈။ မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅:၄၀ | ၉။ သာယာသီကြွေးခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ မိုးလေဝသသတင်း |
| ၆:၂၅ | ၁၃။ လျှပ်တစ်ပြက်ရိုက်ချက် |
| ၆:၃၅ | ၁၄။ လှပ်လှပ်ရှားရှားပုံရိပ်များ |
| ၇:၀၀ | ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သံစဉ်မဲ့မေတ္တာ" (အပိုင်း-၁၀)** |
| ၈:၀၀ | ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ English Usage |
| | ၁၉။ ဗွီစီဒီကျော်ကြားတေးများ |
| | ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေမင်းသမီး (ဒုတိယတွဲ) (အပိုင်း-၂၃)** |
| | ၂၂။ သင့်အတွက်မနက်ဖြန် |
| | ၂၃။ အပိတ်နှုတ်ဆက်စကား |
| | ၂၄။ ပြီးပါပြီ။ |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၂-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | ဘဲကျောင်းသမား တရားတော် (မေတ္တာအေးဆရာတော် အရှင်သုဇာတ) |
| ၈:၀၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈:၃၀ | ရသာထူးကဲ နို့မလိုင်ခဲ |
| ၈:၄၀ | တေးဂီတအစီအစဉ် |
| ၈:၄၅ | နိုင်ငံတကာ အနုပညာရေးရာ |
| ၉:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | အနာကြီးရောဂါ ကင်းဝေးနေစေဖို့၊ ဆက်လက်ကြိုးပမ်း ဆောင်ရွက်စို့ |
| ၁၀:၁၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၁၅ | တေးဂီတအစီအစဉ် |
| ၁၀:၂၀ | အရက်အန္တရာယ် (သိပ္ပံမှူးတင်) |
| ၁၀:၄၀ | တေးဂီတအစီအစဉ် |
| ၁၀:၄၅ | Midweek Sports News |
| ၁၁:၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁:၀၅ | MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာဝေမှူးသွင်နှင့် တွေ့ဆုံခြင်း) |
| ၁၁:၂၀ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | မြန်မာ့အလှ မြင်ကွင်းများ |
| ၁၁:၅၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၂:၀၀ | စီးပွားဖြစ် သစ်ခွစိုက်ကြရအောင် |
| ၁၂:၂၀ | တေးဂီတအစီအစဉ် |
| ၁၂:၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂:၃၀ | တေးဂီတအစီအစဉ် |
| ၁၂:၃၅ | ကုန်သွယ်စီးပွားနိုင်ငံ့အား (သွင်းကုန်လုပ်ငန်း လုပ်ထုံးလုပ်နည်းများ) |
| ၁:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### Champion League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂:၀၀ | Barcelona-Liverpool | 5-Sports(Live) |
| | Porto-Chelsea | 5-Series(Live) |




## မကွေးမြို့နယ်အသင်း
## ဂုဏ်ပူဇော်ဘာသာပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မကွေးမြို့နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုပူဇော်ပွဲနှင့် အသက်(၇၅)နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များအား ကန်တော့ပွဲ၊ တက္ကသိုလ်ဝင်တန်း၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် သင်းလုံးကျွတ် အစည်းအဝေးကို မတ် ၃ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်များ ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။ (က-ပ)

**➪ ဒါးပိန်–သခွတ်ပင်မှ**

တန်းကျောင်းခန်းမ၌ ဒေသခံကျေးရွာပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက အမှာစကားပြောကြားရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် မိမိတို့အဖွဲ့ဝင်များ လာရောက်ခြင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ဆောင်ရွက်နေမှုနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

အလားတူသခွတ်ပင်–ဒါးပိန်ကျေးရွာချင်းဆက်လမ်း လမ်းပိုင်းကိုလည်း ရာသီ မရွေးသွားလာနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းသည် နိုင်ငံတော်၏စီးပွားရေးကို အဓိကအထောက်အကူပြုပေးသည့်တိုင်းကြီးတစ်ခုဖြစ်ပြီးစက်မှုကဏ္ဍက ပထမဖြစ်၍ လယ်ယာကဏ္ဍမှာ ဒုတိယဖြစ်ကြောင်း၊ လယ်ယာကဏ္ဍတွင် မိုးစပါးဧက ၁၂သိန်းနှင့် နွေစပါးဧက ၂၄၀၀၀၀စိုက်ပျိုးလျက်ရှိကြောင်း၊ လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်အထွက်နှုန်းရရှိကျော်လွန်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်သာမက ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက်စိုက်ပျိုးကြရန်လိုကြောင်း၊ သို့မှသာ လူတစ်ဦးချင်းဝင်ငွေတိုးတက်လာရုံမကဒေသလည်း ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက်လည်း ဒေသခံပြည်သူများက တာဝန်ရှိသူများနှင့် အတူညီညီညွတ်ညွတ်လက်တွဲဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းတို့သည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါလျက်အရှည်နှစ်မိုင်၊ မြေသားလမ်းအကျယ် ၁၈ပေရှိ ဒါးပိန်–သခွတ်ပင်ကျေးရွာချင်းဆက် လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဒါးပိန်ကျေးရွာရှိ ဦးသန်းလွင်၏ ပြည်ပသွင်းကုန်အစားထိုး အိမ်တွင်းစက်မှုလက်မှုမူလီစက်ရုံသို့ရောက်ရှိကြပြီး ပြည်တွင်းဖြစ် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းမူလီတိုင်ထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ဒါးပိန်ကျေးရွာ၌ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း မူလီစက်ရုံ ၂၂ရုံရှိပြီး စက်ရုံတစ်ရုံလျှင် တစ်နေ့မူလီတိုင် အချောင်း ၂၀၀၀စီ ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အဆိုပါကျေးရွာရှိ ဦးမျိုးလှိုင်၏ ပန်းပုလုပ်ငန်းအလုပ်ရုံသို့ ရောက်ရှိကြပြီး သစ်သားပန်းပု ပုံဖော်ထုဆစ်နေမှုများကို ကြည့်ရှုအားပေးရာ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဒါးပိန်) ဥက္ကဋ္ဌဦးထွန်းငွေက ရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြည်တွင်းပြည်ပရောင်းတမ်းဝင် ပန်းပုရုပ်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဆားတလင်း–ဒါးပိန်ကားလမ်းနံဘေးရှိ စက်မှုလက်မှုရပ်ကွက် တည်ဆောက်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားကာ ညနေပိုင်းတွင် ဒါးပိန်ကျေးရွာမှ ပြန်လည် ထွက်ခွာသွားသည်။ (သတင်းစဉ်)

**✻ အက်စ်ပရင်ဆေးမှ**

စားသောက်ပုံစနစ်ပြင်ဆင်ခြင်း၊ လေကျင့်ခန်း ပြုလုပ်ခြင်း၊ သွေးတိုးမှုကို ထိန်းသိမ်းခြင်းနှင့် ဆေးလိပ်ရှောင်ကြဉ်ခြင်းပြုကြရန်လည်းနှိုးဆော်ထားသည်။

လူတစ်ဦးသည် တစ်နေ့လျှင်မိနစ် ၆၀မှ၉၀ခန့်အထိ လေ့ကျင့်ခန်းလုပ်ခြင်း၊ ခပ်ခပ်သွက်သွက် လမ်းလျှောက်ခြင်း၊ ပြည့်ဝဆီစားသုံးမှုလျှော့ချခြင်းနှင့် အိုမီဂါ–၃ ဖက်တီးအက်ဆစ်ဓာတ် ပိုမိုစားခြင်းများကို ပြုလုပ်သင့်သည်ဟုဆိုသည်။

အမျိုးသမီးများအနေဖြင့် ဆိုပါက အသက်(၆၅)နှစ် သို့မဟုတ် ထိုထက်ကြီးရင့်လာသော အရွယ်ရောက်လျှင် နှလုံးရောဂါရှိသည်ဖြစ်စေမရှိသည်ဖြစ်စေ အက်စ်ပရင် ဆေးကို ဆေးချိန်နည်းနည်းဖြင့် မှန်မှန်စားသွားရန် လိုအပ်သည်သာမကနှလုံးရောဂါရှိရန် အလားအလာရှိသူ အမျိုးသမီးများအနေဖြင့် အယ်လ်ဒီအယ်လ်(LDL) ဓာတ်ပါဝင်မှုကို ၇၀မှတ်အောက်သို့ ကျဆင်းသွားအောင် ကြိုးစားနေထိုင်သင့်ကြောင်း အကြံပြုထားသည်။ ***အင်တာနက်***

## နိုင်ငံတော် အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်**
**တနင်္ဂနွေနေ့**
**(၂၅–၂–၂၀၀၇) ရက် ဖြစ်ပြီး**
**၂၀၀၇ မတ်လအတွက်**
**(၁၁–၃–၂၀၀၇) ရက်နေ့**
**နှင့်**
**(၂၅–၃–၂၀၀၇) ရက်နေ့**

## အောင်သိဒ္ဓိစေတီတော် ရွှေထီးတော်တင်လှူပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကျိုက်ဇင်းကျေးရွာရှိ "မဟာဣန္ဒာသယ အောင်သိဒ္ဓိ" ဆုတောင်းပြည့် စေတီတော်ကြီး **(ယာပုံ)** အား အသစ်တဖန် ပြန်လည်ပြုပြင်တည်ဆောက်ပြီး ဖြစ်ပါ၍ ရွှေထီးတော်တင်လှူပူဇော်ပွဲကို မတ် ၁၁ရက် (တနင်္ဂနွေ)နေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ရပ်နီး–ရပ်ဝေးမှစေတနာရှင်အလှူရှင်များကြွရောက်ကြည်ညိုပူဇော် လှူဒါန်းနိုင်ကြောင်း နှင့် အလှူငွေများကို ဦးစိန်လွင် ဖုန်း–၀၉၅၁–၂၇၀၅၉၊ဦးမြင့်သိန်း(သစ်ဆိုင်) ၀၉၅၁–၁၉၈၇၅၊ ၀၅၆–၂၁၁၈၆၊ ဦးမြင့်စိုး–၀၅၆–၂၁၁၇၆၊ ၀၉၅၁–၀၇၀၈၄၊ ဦးရွှေတိုး (တိုးတိုးလေး လက်ဖက်ရည်ဆိုင်) – ၀၅၆–၂၁၂၉၀၊ ဦးအောင်ကျော်ဝင်း (ခ) ဦးဘာဘူ (စေတနာ) –၀၉၅၀–၁၄၈၀၆ တို့ထံ အချိန်မီ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)



**❍ ဘရူနိုင်းမှ**

စခန်းဝင်လေ့ကျင့်နေသော ပဏာမကစားသမားများမှာ ဂိုးသမား–ကျော်ဇင်ထက်(ဆောက်လုပ်ရေး)၊ ဟိန်းကျော်သူ(မြို့တော်စည်ပင်)၊ သီဟစည်သူ(စီးပွားကူးသန်း)၊ နောက်တန်း–ချမ်းချမ်း (စီးပွားကူးသန်း)၊ သီဟ(လယ်/ဆည်)၊ ဇော်ထက်အောင်(စွမ်းအင်)၊ ထူးကျော်(ဘဏ္ဍာ/အခွန်)၊ အေးဆန်း(ကမ္ဘောဇ)၊ မိုးဝင်း(စီးပွားကူးသန်း)၊ တိုးမြင့်လှိုင် (ကာကွယ်ရေး)၊ အောင်ကျော်ဦး(ကမ္ဘောဇ)၊ ခင်မောင်လွင်(လယ်/ဆည်)၊ အလယ်တန်း – ရာဇာဝင်းသိန်း (စီးပွားကူးသန်း)၊ နေဝင်း(ကမ္ဘောဇ)၊ အောင်ကိုမင်း(ကာကွယ်ရေး)၊ ပိုင်စိုး(ဘဏ္ဍာ/အခွန်)၊ ကျော်ဌေးဦး(မြို့တော်စည်ပင်)၊ နော်ဇော်ထက်(ကမ္ဘောဇ)၊ အောင်မျိုးသန့်(စီးပွားကူးသန်း)၊ စိုးသီဟအောင်(ဆောက်လုပ်ရေး)၊ အောင်မြင့်အေး(မြို့တော်စည်ပင်)၊ ရှေ့တန်း–ပြည့်ဖြိုးဦး (ပို့ဆောင်ရေး)၊ လှအေးထွေး(မြို့တော်စည်ပင်)၊ ရဲဝေယံစိုး(ကာကွယ်ရေး)၊ စည်သူသန်း (ဆောက်လုပ်ရေး)နှင့် မင်းမင်းထွန်း(ဆောက်လုပ်ရေး)တို့ ဖြစ်ကြသည်။

ဘရူနိုင်းဘုရင့်ဖလားဖိတ်ခေါ်ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲထားရာ (က) အုပ်စုတွင် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ (ခ)အုပ်စုတွင် မြန်မာ၊ ဖိလစ်ပိုင်၊ အိမ်ရှင်ဘရူနိုင်းနှင့် ကမ္ဘောဒီးယားတို့ ပါဝင်ကြသည်။ မြန်မာအသင်းသည် မတ် ၃ ရက်တွင် ဖိလစ်ပိုင်၊ ၅ ရက်တွင် ကမ္ဘောဒီးယား၊ ၇ ရက်တွင် အိမ်ရှင်ဘရူနိုင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၁၀ ရက်တွင်လည်းကောင်း၊ ဖိုင်နယ်ပွဲစဉ်ကို မတ် ၁၂ ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

ဘရူနိုင်း ဘုရင့်ဖလားပြိုင်ပွဲကို ယခုနှစ်တွင် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ပြီး မြန်မာအသင်းသည် ပထမအကြိမ်တွင် တတိယနှင့်ဒုတိယအကြိမ်တွင် ဒုတိယဆုတ်ရှူးရရှိထားသည်။ (ကြေးမုံ)

## အာဆီယံတည်ထောင်ခြင်းနှစ်(၄၀)ပြည့် အထိမ်းအမှတ် (Logo)ရွေးချယ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

အာဆီယံအဖွဲ့အစည်းအနေဖြင့် ၂၀၀၇ ခုနှစ် ဩဂုတ် ၈ရက်တွင် အာဆီယံတည်ထောင်ခြင်း နှစ်(၄၀)ပြည့်အထိမ်းအမှတ် အခမ်းအနားများတွင် အသုံးပြုရန် အထိမ်းအမှတ် တံဆိပ်(Logo)ပြိုင်ပွဲကို မြန်မာနိုင်ငံ၌ အမျိုးသားအဆင့်ပြိုင်ပွဲ(National Level Contest)ကျင်းပခဲ့ရာ ဝင်ရောက်ယှဉ်ပြိုင်သူ ၁၅၀က ဒီဇိုင်း ၂၆၈ခု ပါဝင်ပေးပို့ခဲ့သည်။

**ဆုရရှိသူများ**

Logo ဒီဇိုင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က ဖွဲ့စည်းထားသော အကဲဖြတ်အဖွဲ့က အဆင့်ဆင့်ရွေးချယ်ခဲ့ရာ မောင်သုတဝင်း(ရန်ကုန်)က ပထမ၊ မဇာဖြူပွင့်(ရန်ကုန်)က နှစ်သိမ့်ဆု(၁)၊ မောင်ကျော်ခိုင်(ရန်ကုန်)က နှစ်သိမ့်ဆု(၂)၊ မောင်ရာဇာထွဏ်း(ရန်ကုန်)က နှစ်သိမ့်ဆု(၃)၊ မောင်ထွန်းနိုင်ဦး–မဇင်မာကျော်တို့က နှစ်သိမ့်ဆု(၄)၊ မောင်ဝင်းအောင်(ရန်ကုန်)က နှစ်သိမ့်ဆု(၅)အသီးသီးရရှိကြသည်။

**ချီးမြှင့်မည်**

ဆုရရှိသူများအား ဆုချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အမေရိကန်ဒေါ်လာတစ်ထောင် သတ်မှတ်ပေးထားရာ ပထမဆုအတွက် FEC 500 နှင့် နှစ်သိမ့်ဆုရရှိသူများအား FEC 100 စီ အသီးသီး ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ကျန်အာဆီယံနိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်သော Logo များ ထပ်မံရွေးချယ်ခံရပါက Logo ဒီဇိုင်းရေးဆွဲသူအား အာဆီယံ အတွင်းရေးမှူးချုပ်ရုံးက အမေရိကန်ဒေါ်လာ ၅၀၀၀ကို ချီးမြှင့်မည်ဖြစ်သည်။

ဆုချီးမြှင့်မည့် အစီအစဉ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာ ဆုရရှိသူများထံ ဆက်လက်၍ သတင်းပို့ ဆောင်ရွက်သွားမည်ဖြစ်သည်။(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁–၂–၂၀၀၇(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
- ၈:၂၀ ၇။ အဆိုပြိုင်ပွဲ
- ၈:၃၀ ၈။ ဣနတရေမာတိုနှာလ နဝေစ့
- ၈:၄၅ ၉။ Let's Go.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ–တတိယနှစ် (ရက္ခဗေဒအထူးပြု) (ရက္ခဗေဒ)
- ၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၀၀ ၅။ မြန်မာစာ၊မြန်မာစကား
- ၅:၁၅ ၆။ **"တန်ဖိုး" (ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း) (ဒါရိုက်တာ–သက်တင်)**
- ၅:၂၀ ၇။ သီချင်းကြီးပဒေသာ
- ၅:၃၀ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
- ၅:၄၀ ၉။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၆:၀၀ ၁၀။ ညနေခင်းသတင်း
- ၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၃။ Discovery
- ၇:၁၅ ၁၄။ **"ဆုံစည်းခွင့်" (မင်းထက်ကျော်ဇင်၊ဖိုးသောကြာ၊ မြတ်ကေသီအောင်၊ချစ်သုဝေ) (ဒါရိုက်တာ–သိန်းဟန်–ဖီးနစ်)**
- ၇:၂၅ ၁၅။ နိုင်ငံအဝန်း လွှမ်းမိုးစေချင် IT ဟောပြောပွဲအစီအစဉ်
- ၇:၄၅ ၁၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၇:၅၀ ၁၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ (ဒီဇိုင်းစုံလင်မြန်မာ့ပုသိမ်ထီးအသွင်)
- ၈:၀၀ ၁၈။ ပြည်တွင်းသတင်း
- ၁၉။ နိုင်ငံတကာသတင်းများ
- ၂၀။ မိုးလေဝသအခြေအနေ
- ၂၁။ **မြန်မာ့ရုပ်ရှင် "မေတ္တာနုနုစေလိုသူ" (ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ) (ဒါရိုက်တာ–ပြည့်စုံ)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

# ကြေးမုံ The Mirror ပြည်တွင်းသတင်းမှတ်စု

## မေတ္တာရှင် ဇီဝိတဒါနဆေးခန်းဖွင့်ပွဲကျင်းပ

တောင်ကြီးမြို့ သိမ်တောင်ပရိယတ္တိ စာသင်တိုက် ပဓာန နာယကနိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သိမ်တောင်ဆရာတော်ကြီးအမှူးပြုသည့် မေတ္တာရှင်နာမှုကူညီရေးအသင်း၏ ဩဝါဒါစရိယဆရာတော်ကြီးများ ဦးစီးတည်ထောင်သော မေတ္တာရှင် ဇီဝိတဒါန ဆေးခန်းကို ဖေဖော်ဝါရီ ၁၆ရက် မွန်းလွဲ ၂ နာရီက အသင်းတည်ရာ နဂါးပွက်ကျောင်းဝင်း၊ အနောက်မြို့ပတ်လမ်း၊ ချမ်းမြသာစည်ရပ်ကွက်၌ ဖွင့်လှစ်သည်။ အထူးကုဆရာဝန်ကြီးများက ဆင်းရဲနွမ်းပါးလူနာများအား နေ့စဉ် ဆေးဝါးများကုသပေးလျက်ရှိကြောင်းနှင့် မည်သူမဆိုဆေး၊ ဆေးပစ္စည်းနှင့် အလှူငွေများ လှူဒါန်းနိုင်ကြောင်း သိရသည်။

## စိတ်ထားဖြူစင် ပါရမီရှင်အသင်း၏ စုပေါင်းအလှူတော်ငွေ ဆက်ကပ်လှူဒါန်းရေစက်ချပွဲ ကျင်းပမည်

နိုင်ငံတော် သံဃမဟာနာယက တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ (ပခုက္ကူဆရာတော်)၏ ဩဝါဒကို ခံယူ လျက် စိတ်ထားဖြူစင်ပါရမီရှင်အသင်းက ကြီးမှူးကျင်းပမည့် စုပေါင်းအလှူတော်ငွေ ဆက်ကပ်လှူဒါန်း ရေစက်ချပွဲကို ဖေဖော်ဝါရီ ၂၅ရက် မွန်းလွဲ၁နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ရန်ကုန်တိုင်း အရှေ့ဝါယာလက်(၂)လမ်း ကမ္ဘာအေးမရမ်းကုန်းမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ပါရန်နှင့် ဖိတ်စာမရရှိသော စုဘူးအလှူရှင်များလည်း ကြွရောက်ပါရန် ဖိတ်ကြားထားကြောင်းသိရှိရသည်။

## စက်မှု(၁)ဈေးရောင်းပွဲတော် ကျောက်ဆည်မြို့၌ကျင်းပ

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၈ရက် နံနက်၈နာရီတွင် ကျောက်ဆည်မြို့ ကျောက်ဆည်မြို့စုကြီးရပ်ကွက် လေးမျက်နှာဘုရားကွင်းတွင် ကျင်းပရာ ကျောက်ဆည် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်နှင့် အမှတ်(၁)စက်မှုဝန်ကြီးဌာန ကျောက်ဆည် ဘိလပ်မြေစက်ရုံမှူး ဦးစိုးတင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဈေးရောင်းပွဲတော်ကို ဖေဖော်ဝါရီ ၂၈ရက်အထိ ကျင်းပမည်ဖြစ်ပြီး စက်မှု(၁)မှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းမျိုးစုံကို ရောင်းချမည်ဖြစ်ရာ မည်သူမဆို လာရောက်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

## ပြည်နယ်နှင့်တိုင်း ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်

၂၀၀၇ ခုနှစ် (၂၉)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၀ရက် နံနက်၇နာရီတွင် ဒဂုံကုန်းရှိ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည်။

ရှေးဦးစွာ ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအသင်းက တံခွန်စိုက်ဆုဖလားကို ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ပြန်လည်အပ်နှံသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။

## ကုန်သည်/စက်မှုအသင်းချုပ် စားပွဲတင်တင်းနစ်ပြိုင်ပွဲ

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကကြီးမှူး၍ အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် (၂၉)ရှိ UMFCCI Office Tower ၌ကျင်းပမည်ဖြစ်ရာ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ညီနောင်အသင်းများမှအမှုဆောင်များ၊ အသင်းဝန်ထမ်းများနှင့် အသင်းဝင်များ ပါဝင် ယှဉ်ပြိုင်နိုင်ကြောင်းနှင့် ဖေဖော်ဝါရီ ၂၆ရက် မွန်းတည့်၁၂နာရီ နောက်ဆုံးထား၍ ကုန်သည်/စက်မှုအသင်းချုပ်(ဖုန်း ၂၁၄၃၄၄၊၂၁၄၃၄၅၊ ၂၁၄၃၄၆) သို့ ဆက်သွယ် စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

# လူသားအကျိုးပြု ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းမပျောက်ကွယ်ရေး ပူးပေါင်းဆောင်ရွက်



**တံငါသည်တို့၏မိတ်ဆွေ ဧရာဝတီလင်းပိုင် တစ်ကောင် ကွန်ချက်ပြနေစဉ်။**

**သတင်းဆောင်းပါး–ဇော်ဝင်း(ကြေးမုံ)**

**ဓာတ်ပုံ** (WCS)

ရေနေနို့တိုက်သတ္တဝါတစ်မျိုးဖြစ်သော ဧရာဝတီလင်းပိုင်၊ သိပ္ပံအမည် *(Orecaella brevirostris)* သည် အင်ဒိုပစိဖိတ်ဒေသကြီး၏ အပူပိုင်းနှင့် အပူလျော့ပိုင်းဒေသရှိ ကမ်းရိုးတန်း၊ ရေချိုရေငန်စပ်နှင့် ရေချိုပိုင်းတို့တွင် နေထိုင်ကျက်စားပြီး ဩစတြေးလျ တိုက်မြောက်ပိုင်းနှင့် နယူးဂီနီ အရှေ့ဘက်တွင် ဖိလစ်ပိုင်နိုင်ငံ၊ အနောက်ဘက်တွင် ဘင်္ဂလား ပင်လယ်အော်နှင့် အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသအထိ ပျံ့နှံ့ကျက်စားလျက်ရှိသည်။ ထို့ပြင် မြန်မာနိုင်ငံ ဧရာဝတီမြစ်၊ အင်ဒိုနီးရှားနိုင်ငံ မဟာခမ်မြစ်၊ အိန္ဒိယ နိုင်ငံ ဂင်္ဂါမြစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဗြဟ္မပုတ္တရမြစ်၊ လာအို၊ ကမ္ဘောဒီးယားနှင့် ဗီယက်နမ်နိုင်ငံတို့ရှိ မဲခေါင်မြစ်ကြောင်း တစ်လျှောက်တို့တွင်လည်း တွေ့ရှိရသည်။

မြန်မာနိုင်ငံရှိ ဧရာဝတီလင်းပိုင်တို့မှာ အေဒီ ၈၀၀ ပြည့်နှစ် တရုတ်ပြည် တန်မင်းဆက်၏သမိုင်း မှတ်တမ်းများတွင် တွေ့ရှိရပြီး ပျူခေတ်၌ ရေဝက် (River Pig) ဟုခေါ်ဆိုသည်။ ၁၉ရာစုနှစ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင် John Anderson ၏ ဖော်ပြချက်တွင် **"ဧရာဝတီ လင်းပိုင်များကို ဗန်းမော်မြို့မှ ပြည်မြို့အထိ ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် တွေ့ရကြောင်း၊ မြန်မာတို့က "လင်းပိုင်"ဟု ခေါ်ဆိုကြောင်း၊ ဗန်းမော်မြို့အထက် မိုင် ၃၀ တွင် လုံးဝမတွေ့ရှိရကြောင်း (ကျောက်ဆောင်အများအပြား တည်ရှိသောကြောင့်) တာပိန်မြစ်နှင့် ရွှေလီမြစ်တို့၌လည်း တွေ့ရှိရကြောင်း"**ဖော်ပြထားသည်။

ဧရာဝတီလင်းပိုင်များသည် ဗန်းမော်မြို့၊ ကသာမြို့ ထီးချိုင့်မြို့၊ တကောင်းမြို့နှင့် မန္တလေးမြို့အနီးနေ ရေလုပ်သား (လက်ပစ်ကွန်သမား)များအား ငါးများ ကူညီဖမ်းဆီးပေးလျက်ရှိသည်။ ဒေသခံရေလုပ်သားများ၏ ပြောကြားချက်အရ ဧရာဝတီလင်းပိုင်များသည် လက်ပစ်ကွန်သမားများကိုသာ ငါးဖမ်းဆီးရာတွင် အကူအညီပေးကြောင်း၊ အချို့ရေလုပ်သားများသည် လင်းပိုင်များနှင့် ရင်းနှီးမှုရှိကြောင်း၊ ၎င်းတို့ ရောက်လာသည့်အခါ လက်ပစ်ကွန်၏ ခဲသီးရိုက်သံပေး၍ လည်းကောင်း၊ လှော်တက်ကို လှေနံဖြင့်ခေါက်၍ အသံပေးခြင်းဖြင့်လည်းကောင်း၊ အချို့က ထုလုံးချွန်ပုံသဏ္ဌာန် ပြုလုပ်ထားသော သစ်သားချောင်းမှ ချွန်နေသည့် အပိုင်းကို လှေနံပေါင်နှင့် ထိခတ်အသံပြု၍ လည်းကောင်း လင်းပိုင်များကိုခေါ်ကြောင်း၊လင်းပိုင်က သဘောတူလျှင် အမြီးဖြင့် ရေကိုရိုက်၍ အချက်ပြကြောင်း၊ ထို့နောက် တံငါက ကွန်ကိုအသင့်ပြင်ထားပြီး လင်းပိုင်ကငါးများ ရောက်ရှိလာသောအခါ အမြီးကို ရေပေါ်ဖော်၍ လှုပ်ယမ်း၍ အချက်ပြကြောင်း၊ ထိုအချိန်တွင် တံငါက ကွန်ကိုပစ်ပြီး ငါးများကို ဖမ်းဆီးယူကြောင်း၊ လင်းပိုင်က ကွန်တွင် တစ်ပိုင်းပြုနေသော ငါးများ၊ ရွှံ့ထဲနစ်နေသော ငါးများကို စားသောက်ကြောင်း၊ ဤနည်းဖြင့် လက်ပစ် ကွန်သမားများအား ငါးများရှာပေးခြင်းဖြစ်ကြောင်း သိရသည်။

ရေလုပ်သားများအား ကူညီပေးနေသော ဧရာဝတီ လင်းပိုင်ကောင်ရေသည် ယခုအခါ လျော့နည်း ကျဆင်းလာလျက် ရှိနေသည်။

၎င်းတို့ ကျင်လည်ကျက်စားရသော နယ်မြေ ကျဉ်းမြောင်းလာခြင်း၊ ငါးဖမ်းဆီးရာတွင် ဥပမာအားဖြင့် မျှောပိုက်များ အသုံးပြုမှုပေါများလာခြင်းတို့ကြောင့် လင်းပိုင်များအတွက် လမ်းကြောင်းများ ပိတ်ဆို့လာသည်ဟု သိရသည်။ အဓိကအားဖြင့် မျှောပိုက်တန်းတို့ဖြင့် မတော်တဆငြိပြီး သေဆုံးရမှုမှာ အဓိကအန္တရာယ် ဖြစ်လျက်ရှိသည်။ ထို့ပြင် ရွှေကျင်ရာတွင်အသုံးပြုသော Mercury (ပြဒါး)များမှာ လင်းပိုင်တို့ ရေရှည်ရှင်သန်မှုကို အန္တရာယ်ပြုလျက်ရှိနေသည်။

သို့ဖြစ်၍ ရှားပါးမျိုးစိတ် စာရင်းဝင်သည့် ဧရာဝတီလင်းပိုင်များကို ပိုမိုတိုးပွားစေရန်၊ လင်းပိုင်ဖြင့် ငါးဖမ်းနည်းစနစ် ပျံ့နှံ့လာစေရန် နည်းလမ်းရှာကြံဆောင်ရွက်ပေးမှုနှင့်အတူ ၎င်းတို့ အန္တရာယ်ကင်းဝေးရေးအတွက်လည်း မျှောပိုက် ကင်းလွတ်နယ်မြေများ ထူထောင်ပေးရန်လိုအပ်နေကြောင်းသိရသည်။

ယခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်း၌ ငါးလုပ်ငန်း ဦးစီးဌာနနှင့် Wildlife Conservation Society (WCS)တို့သည် ဧရာဝတီလင်းပိုင်များ ထိန်းသိမ်းရေး နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ် လက်မှတ် ရေးထိုးခဲ့သည်ဟု သိရသည်။

သို့ဖြစ်၍ လူသားအကျိုးပြု ဧရာဝတီလင်းပိုင်များ မျိုးသုဉ်းမပျောက်ကွယ်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

**အေးချမ်းလှသည့် ဧရာဝတီမြစ်ရေပြင်တွင် ကူးလူးပျော်ရွှင်နေသည့် ဧရာဝတီလင်းပိုင် တစ်ကောင်ကို တွေ့ရစဉ်။**



# တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်

**၂၀၀၇ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉း၃၀ နာရီအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက တစ်ပြည်လုံးတွင်အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ကရင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်း၊မန္တလေးတိုင်း၊ မကွေးတိုင်းနှင့်ပဲခူးတိုင်းတို့တွင် ဖြစ်မြဲအောက် ၃ ဒီဂရီ စင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ဖြစ်မြဲအောက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ကျန်ဒေသများတွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီးကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**<u>၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၂၁ရက် ညနေထိ ခန့်မှန်းချက်</u>**

ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိပြီးမွန်ပြည်နယ်၊ရန်ကုန်တိုင်းနှင့်တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာကျန်ဒေသများတွင်အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။ ။** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင်အများအားဖြင့် သာယာမည်။

**ဦးတုန်းရှော်ကြူး–ဒေါ်အုန်းရင် မိသားစု(USA)က ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်မှူးကြီးဘညာဏ်(ငြိမ်း)လက်ခံယူစဉ်။**

(က–ပ)

# ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေကပူဇာ မင်္ဂလာအခမ်းအနား

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ပဲခူးမြို့ ဓမ္မလင်္ကာရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည် ဆရာတော်ကြီး ဦးစီးဆောင်ရွက်ပြီး တပည့်ဒါယကာ၊ ဒါယိကာမ ပေါင်းစု လှူဒါန်းမှုဖြင့် သွန်းလောင်းပြုလုပ် တည်ဆောက်ထားသော ဉာဏ်တော်အမြင့် ၃၇ပေရှိ "တမ္ဗလောဟမဟာမုနိ" ကြေးသွန်းရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကပူဇာမင်္ဂလာ၊ ၅၂၈ဆူသော ဗုဒ္ဓရုပ်ပွားတော်များနှင့် ဓာတ်တော်မွေတော်များ ဌာပနာထည့်သွင်းပူဇော်ခြင်းမင်္ဂလာ၊ ထေရဝါဒဂန္ထကုဋီ ကျောင်းတော်ကြီး၏ အထွတ်ပြာသာဒ်တော်တွင် ရွှေထီးတော် တင်လှူခြင်းမင်္ဂလာ အခမ်းအနားကို ဖေဖော်ဝါရီ ၂၅ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဥဿာမြို့သစ် ရန်ကုန်–မန္တလေး ကားလမ်းနံဘေးရှိ အဆိုပါကျောင်းတိုက်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား နှိုးဆော်ဖိတ်ကြားထားကြောင်းသိရသည်။

(က–ပ)






**မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသဖွံ့ဖြိုးရေး အတွက် အောင်ဟိတ်–ပုလဲကုန်း–စံလင်းဒေါင့် ကျေးရွာအဝင်လမ်း ကွန်ကရစ် တံတားတည်ဆောက်ပြီးစီးမှုကို ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးနေဦးနှင့်အဖွဲ့ ဖေဖော်ဝါရီ ၁၅ရက်က ကွင်းဆင်း စစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးထင်လင်း ကျော်နှင့်လက်ထောက်အင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်တို့ ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာစံတော်ချိန် ဖေဖော်ဝါရီ ၂၀ရက် မွန်းလွဲ ၂နာရီ ၃၆မိနစ် ၁၄စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့တောင်ဘက်မိုင် ၂၄၄၀ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာ(ကီပူလာယန် အိုဘီ၊ အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၅ အဆင့်ရှိ အင်အား ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)

# မိုင် ၁၀၀၀ ခရီးရှည် စက်ဘီးစီးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ရန်ကုန်–ပြည်–မန္တလေး–ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ မန္တလေး–မိတ္ထီလာခရီးစဉ်(အဋ္ဌမနေ့ပွဲစဉ်) ဖွင့်ပွဲကို ယနေ့နံနက် ၆ နာရီတွင် မန္တလေးမြို့ ၂၆ လမ်းနှင့် ၇၃ လမ်းထောင့် မင်္ဂလာတံတားအနီး၌ ကျင်းပသည်။**

ရှေးဦးစွာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်တို့က ပြိုင်ပွဲဝင်စက်ဘီးအားကစားသမားများအား တာလွှတ်မည့်နေရာ၌ တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က သေနတ်ပစ်ဖောက်၍ ပြိုင်ပွဲကိုတာလွှတ်ပေးသည်။

ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် မန္တလေးမြို့မှ မြစ်ငယ်၊ပုလိပ်၊ စဥ့်ကိုင်၊ကျောက်ဆည်၊ မြစ်သား၊ ကူမဲ၊ ဝမ်းတွင်းမြို့တို့ကို ဖြတ်သန်းစီးနင်းပြီး မိတ္ထီလာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှေ့သို့ နံနက် ၁၀ နာရီခန့်တွင် ပန်းဝင်ကြသည်။

မန္တလေးမြို့မှ ပြိုင်ပွဲဝင် ၇၅ ဦး တာလွှတ်ယှဉ်ပြိုင်ရာ မိတ္ထီလာမြို့သို့ ၇၂ဦးပန်းဝင်ကြသည်။

မန္တလေး–မိတ္ထီလာခရီးစဉ်အတွက် ဆုပေးပွဲအခမ်းအနားကို ည ၇နာရီတွင် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးဇော်မြင့်နှင့် ဒေါက်တာ အောင်သိန်းဌေးတို့က စက်ဘီး အားကစားနည်းအကြောင်း သိကောင်းစရာများကို ဟောပြောကြပြီး နည်းပြဦးမြင့်ဟန်နှင့် ပဏာမအမျိုးသမီးလက်ရွေးစင် အေးအေးသင်းတို့က စက်ဘီးစီး သရုပ်ပြသကြသည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ယှဉ်ပြိုင်/လေ့ကျင့်) ဗိုလ်မှူး စောသန်းနိုင်က တတိယရရှိသော ထွန်းထွန်း(Maxxis) အား ငွေကျပ်တစ်သောင်းခုနစ်ထောင့်ငါးရာ၊ မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှမျိုးရှိန်က ဒုတိယရရှိသော ကျော်မျိုးလှိုင်(ဘဏ္ဍာ/အခွန်) အား ငွေကျပ်သုံးသောင်းနှင့် မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက ပထမရရှိသော မင်းမင်းဟန် (လယ်/ဆည်) အား ငွေကျပ်လေးသောင်းငါးထောင်ကို ပေးအပ်ချီးမြှင့်သည်။

မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ၏ နဝမနေ့ပွဲစဉ်ဖြစ်သော မိတ္ထီလာ–ပျဉ်းမနားခရီးစဉ်ကို ဖေဖော်ဝါရီ ၂၁ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် မြန်မာပြည်တံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၄ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲ ပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား (၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၄၅)နှစ်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား(၅၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသားအသက်(၆၀)နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင် အားကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း–၃၇၂၃၆၀သို့ ဖေဖော်ဝါရီ ၂၇ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## မြန်မာ့လက်ရွေးစင် ဘိလိယက်အားကစားသမား ရွေးချယ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

အားကစားဝန်ကြီးဌာနအောက်ရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘိလိယက်ပြိုင်ပွဲကိုမတ် ၆ ရက်တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ ဘိလိယက်လေ့ကျင့်ရေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ထိုပြိုင်ပွဲတွင် ရွေးချယ်ခံရသော အားကစားသမား လေးဦးအား မြန်မာ့လက်ရွေးစင် ဘိလိယက်အားကစားသမားများအဖြစ် ရွေးချယ်၍ စခန်းသွင်းမည်ဖြစ်သဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများသည် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်တွင် စခန်းဝင်လေ့ကျင့်နိုင်သောသူ ဖြစ်ရမည့်အပြင် အဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာနိုင်သောသူ ဖြစ်ရမည်။

ဝင်ရောက်ယှဉ်ပြိုင်လိုသော အားကစားသမားများသည် မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် (အောင်ဆန်းကွင်း)ဖုန်း–၃၈၇၂၇၆ သို့ မတ် ၃ ရက် နောက်ဆုံးထား၍ လာရောက်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တစ်ချက်တည်းဖြင့်ကျင်းဝင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

ရွှေမန်းတောင်ဂေါက်ကွင်း၌ ဖေဖော်ဝါရီ ၁၈ ရက်တွင် ကိုစိုင်းထွန်းမြင့်(ရန်ကုန်)သည် ကစားဖော်များဖြစ်ကြသော ကိုရဲလင်း (စိန်မြင့်မိုရ်ကဖေး) ကိုညီညီ (YSM ဆောက်လုပ်ရေး) ကိုဇော်(ကြည်ပြာစတိုး)၊ ကိုဝင်းနိုင်(မန္တလေး)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Mizuno Iron-5 တုတ်ဖြင့် (Srixon -1) ဘောလုံးကို ရိုက်လိုက်ရာ ကိုက် ၁၈၀ အကွာရှိ ကျင်းအမှတ် (၁၆)၌ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ (ကြေးမုံ)

# မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံသစ်ဖွင့်ပွဲနှင့် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၂၀**

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ အသင်းအဆောက်အအုံသစ်ဖွင့်ပွဲနှင့် နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံကို တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ဖေဖော်ဝါရီ ၂၅ရက် နံနက်၇နာရီခွဲတွင် ကျင်းပမည်ဖြစ်သည်။

အသင်းသားစုံညီ ညီလာခံတွင် အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ရန်ရှိသဖြင့် Member အဆင့်နှင့် Associate အဆင့်အသင်းဝင်များသည် ဆန္ဒမဲထုတ်ယူနိုင်ရန်အတွက် နှစ်စဉ်ကြေးအပြည့်အဝပေးဆောင်ပြီး အသင်းဝင်ကတ်ပြားများကိုပါ တစ်ပါတည်း ယူဆောင်လာကြပါရန်နှင့် နှစ်စဉ်ကြေးမပေးသွင်းသေးရပါကလည်း အစည်းအဝေးနေ့၌ပင် ပေးသွင်းနိုင်ကြသည်။

ထို့ပြင် အသင်းသားစုံညီ ညီလာခံအထိမ်းအမှတ် နည်းပညာဆိုင်ရာ စာတမ်းဖတ်ပွဲများကိုလည်း ဖေဖော်ဝါရီ ၂၄ရက် နံနက်၈နာရီတွင် အဆိုပါ အသင်းအဆောက်အအုံ၌ကျင်းပမည်ဖြစ်ရာ နည်းပညာစာတမ်းပေါင်း ၄၀ကျော်ကို အင်ဂျင်နီယာ ပညာရှင်များက ဖတ်ကြားဆွေးနွေးနိုင်ကြောင်း မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက နှိုးဆော်ထားသည်။ (သတင်းစဉ်)

# အင်တာနက် အားကစားသတင်းများ



**ချယ်လ်ဆီးအသင်း ပိုင်ရှင် သန်းကြွယ်သူဌေး အေဘရာမိုဗစ်ချ်။** *(ဓာတ်ပုံ–အင်တာနက်)*

## ကုဋေကြွယ်သူဌေး အေဘရာမိုဗစ်ချ် ချယ်လ်ဆီးအသင်းကို မစွန့်ခွာဟုဆို

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

မိမိသည် ၂၀၀၆ခုနှစ် ဇွန်လအထိဖြစ်သော ဘဏ္ဍာရေးနှစ်အတွင်း ပေါင်ငွေ သန်း ၈၀ ဒသမ ၂ သန်း ဆုံးရှုံးခဲ့ရလင့်ကစား ချယ်လ်ဆီးအသင်းကို စွန့်ခွာမည်မဟုတ်ကြောင်း ယင်းအသင်း၏ပိုင်ရှင် ကုဋေကြွယ်သူဌေး ရိုမန် အေဘရာမိုဗစ်ချ်က ယနေ့ပြောကြားသည်။

ရုရှားလူမျိုး စီးပွားရေးလုပ်ငန်းရှင် အေဘရာမိုဗစ်ချ်သည် ၂၀၀၃ ခုနှစ်တွင် ချယ်လ်ဆီးဘောလုံးအသင်းကို ဝယ်ယူခဲ့သူဖြစ်သည်။

ချယ်လ်ဆီးအသင်းအတွက် မိမိ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၀ ပြည့်နှစ်အရောက်တွင် မရှုံး၊ မမြတ် အနေအထားသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း၊ ယခုအခါ အသုံးစရိတ်များကို ၄၂ ဒသမ ၉ ရာခိုင်နှုန်း လျှော့ချလျက်ရှိရာ ငွေကြေးအရ အရှုံးပေါ်မှု တစ်စစလျော့နည်းသွားမည်ဖြစ်ကြောင်း ၎င်းက လူတွေ့မေးမြန်းခန်းတွင် ပြောကြားသည်။

အေဘရာမိုဗစ်ချ်သည် ချယ်လ်ဆီးအသင်းအတွက် ပေါင်ငွေသန်း ၅၀၀ ရင်းနှီးမြှုပ်နှံခဲ့သည်။ **အင်တာနက်**

## မိုက်ကယ်ဘောလ်၏အလားအလာ မန်စီးတီးမန်နေဂျာ မျှော်လင့်

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

မိုက်ကယ်ဘောလ်သည် မိမိ၏အသင်းနှင့် ကာလရှည် ကန်ထရိုက်စာချုပ် ချုပ်ဆိုလာနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း မန်ချက်စတာစီးတီးမန်နေဂျာ စတုအတ်ပါစီက ယနေ့ပြောကြားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ မိုက်ကယ်ဘောလ်သည် မန်ချက်စတာစီးတီးအသင်းတွင် အစမ်းကစားခဲ့ပြီးနောက် လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်အထိ ယင်းအသင်းတွင် ပါဝင်ကစားရန် ကာလတို ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ မိုက်ကယ်ဘောလ်သည် အသင်းပြောင်းရွှေ့နိုင်သောကာလသတ်မှတ်ချက်နောက် ဆုံးရက်တွင် ပီအက်စ်ဗွီအိန်းဟိုဗင်အသင်းမှ ရောက်ရှိလာခဲ့သည်။

တနင်္ဂနွေနေ့ကကျင်းပသောအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲတွင်မန်စီးတီးအသင်းက ပရက်စတန်အသင်းကို အနိုင်ရရှိခဲ့ပြီး မိုက်ကယ်ဘောလ်ကမန်စီးတီးအသင်းအတွက် ၎င်း၏ပထမဆုံးဂိုးကို သွင်းပေးနိုင်ခဲ့သည်။ **အင်တာနက်**



**ဖေဖော်ဝါရီ ၁၈ ရက်က အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲတွင် မန်ချက်စတာစီးတီးမှ မိုက်ကယ်ဘောလ် (ယာ) နှင့် အသင်းဖော် ထရာဘယ်လ်စီတို့ ပရက်စတန် အသင်းဘက်သို့ ဂိုးသွင်းအပြီး အောင်ပွဲခံနေစဉ်။** *(ဓာတ်ပုံ–အင်တာနက်)*

## အရှေ့ဖျားဒေသဈေးကွက် လီဗာပူး အလေးထားမည်

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

လီဗာပူးအသင်းကို ကမ္ဘာတစ်လွှား ထင်ပေါ်ကျော်ကြားသည့်အသင်းအဖြစ်သို့ ရောက်ရှိအောင် စီးပွားရေးချဲ့ထွင်မှု အစီအစဉ်အရ အရှေ့ဖျားဒေသဈေးကွက်ကို မိမိတို့အလေးထားကြောင်း လီဗာပူးအသင်း၏ပိုင်ရှင် ဂျော့ဂျ်ဂီးလက်က ယနေ့ပြောကြားသည်။

ဂီးလက်နှင့် ၎င်း၏ အမေရိကန် စီးပွားရေးမိတ်ဖက် တမ်ဟစ်တို့သည် လီဗာပူးအသင်းကို ဝယ်ယူရန် လွန်ခဲ့သည့်ရက်သတ္တပတ်က သဘောတူညီမှုရရှိခဲ့သည်။

ချယ်လ်ဆီးနှင့် မန်ချက်စတာယူနိုက်တက်အသင်းတို့သည် အာရှဈေးကွက်တွင် အောင်မြင်မှုရရှိသည့်နည်းတူ မိမိတို့အသင်းကလည်း အရှေ့ဖျားဒေသဈေးကွက်ကို ဦးတည်လှုပ်ရှားမည်ဖြစ်ကြောင်း ဂီးလက်ကပြောကြားသည်။ **အင်တာနက်**



**ဖေဖော်ဝါရီ ၁၀ရက်က ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် လီဗာပူးအသင်းတိုက်စစ်မှူးဘယ်လာမီ (ယာ) နှင့် နယူးကာဆယ်အသင်းမှ စာရမ်ဘယ်လ်တို့ ဘောလုံးယှဉ်လုစဉ်။** (ဓာတ်ပုံ–အင်တာနက်)

## ကစားဖော်ကိုရိုက်မိသည့်ဘယ်လာမီ ဒေါ်လာတစ်သိန်းခွဲ ဒဏ်ငွေဆောင်ရမည်

**လန်ဒန် ဖေဖော်ဝါရီ ၂၀**

လီဗာပူးတိုက်စစ်မှူး ခရိုက်ဘယ်လာမီသည် ၎င်း၏အသင်းဖော်ဂျွန်အန်းရိုက်စ်အား လက်ရောက်တိုက်ခိုက်မှုအတွက် ကြီးလေးစွာဒဏ်ငွေပေးဆောင်ရမည်ဖြစ်ပြီး ယင်းအသင်းတွင် ၎င်း၏အနာဂတ်မှာလည်း မရေရာတော့ကြောင်း ယနေ့အင်တာနက်သတင်း၌ ဖော်ပြသည်။

လီဗာပူးအသင်းသည် ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲအတွက် ပေါ်တူဂီနိုင်ငံ အယ်လ်ဂါ့ဗ်ဒေသရှိ အပန်းဖြေစခန်းတစ်ခုတွင် ရက်သတ္တတစ်ပတ်ကြာ လေ့ကျင့်ကစားနေချိန်အတွင်း ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။

ဘယ်လာမီနှင့်နော်ဝေလူမျိုးဘောလုံးသမား ဂျွန်အန်းရိုက်စ်တို့သည် ကာရာအိုကေ သီချင်းဆိုပြိုင်ပွဲတွင် အချင်းများခဲ့ကြပြီးနောက် စိတ်မထိန်းနိုင်သော ဘယ်လာမီက ဂျွန်အန်းရိုက်စ်၏ ခြေထောက်ကို ဂေါက်သီးရိုက်တုတ်ဖြင့် ရိုက်နှက်ခဲ့သည်။

ဘယ်လာမီသည် ပေါင်ငွေ ၈၀၀၀၀ခန့်(အမေရိကန်ဒေါ်လာ ၁၅၅၀၀၀)ဒဏ်ငွေပေးဆောင်ရမည်ဖြစ်ပြီး ယခုနှစ်နွေရာသီကို လီဗာပူးအသင်းက ၎င်းကိုရောင်းချမည်ဟု မျှော်လင့်ရကြောင်းဗြိတိန်နိုင်ငံတွင်ထုတ်ဝေသော သတင်းစာများတွင် ရေးသားဖော်ပြသည်။ **အင်တာနက်**



ဇလွန်မြို့နယ် ကော့ကပ်တိုက်နယ် ပက်တန်းကျေးရွာ အလယ်တန်းကျောင်းခွဲ၏ မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ကျောင်းကော်မတီဥက္ကဋ္ဌ ဆရာတော်ဦးသုဒဿန ထူးချွန်ဆုရ ကျောင်းသားတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ်ပြန်/ဆက်)

## မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၆ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၅**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်က ပဲခူးမြို့ သီရိဥဿာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စဝ်နွန်းခွန်ဆမ်နှင့် တိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်စဝ်နွန်းခွန်ဆမ်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ မတည်ပံ့ပိုးပေးအပ်ခဲ့သော အရင်းမပျောက်ရန်ပုံငွေများကို အသေးစားချေးငွေ လုပ်ငန်းများအတွက် ပဲခူးခရိုင်သို့ ကျပ်သိန်း ၃၀ ပေးအပ်သည်။

ဆက်လက်၍ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က နှစ်ပတ်လည် အစည်းအဝေး အတွေ့အကြုံများနှင့် လမ်းညွှန်ချက်များကိုလည်းကောင်း၊ အတွင်းရေးမှူး ဒေါ်ခိုင်ခိုင်လှက ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့၏ ၂၀၀၆ ခုနှစ် လုပ်ငန်းဆောင်ရွက်ချက်များအပေါ် ဖြည့်စွက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ **(ခရိုင်ပြန်/ဆက်)**

## ကျေးလက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်



ဖေဖော်ဝါရီ ၅ရက်က ရောဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်အတွင်း အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်ထားရှိမှု၊ မြေချ စိုက်ပျိုးမှုများကို ကြည့်ရှုစစ်ဆေး၍ သတ်မှတ်လျာထားချက်အမီ အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးရန် မှာကြားစဉ်။ (၃၈၃)

## မီးဘေးရှောင် မလောင်ခင်တား





နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ ရွာမ တံတားသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးသက်အောင်နှင့် သိမ်ဇရပ်ကျေးရွာ ရပ်မိရပ်ဖ ဦးသန်းတို့ ဖေဖော်ဝါရီ ၁၀ ရက်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

## ဗုဒ္ဓပူဇနိယပွဲတော် သိုက်မြိုက်စွာကျင်းပမည်

**လားရှိုး ဖေဖော်ဝါရီ ၂**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)က ကြီးမှူးကျင်းပသော လားရှိုးမြို့ ရန်တိုင်းအောင် မြို့ဦးစေတီတော်မြတ်ကြီး၏ ပထမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ရွှေကြာသက်န်း ကပ်လှူပွဲကို မတ် ၃ ရက်မှ မတ် ၇ ရက်အထိ ငါးရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ပြည်နယ်ပြန်/ဆက်)**



ဝေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဖေဖော်ဝါရီ ၁၀ ရက်က ဝန်ထမ်းများစုပေါင်း၍ လမ်းဘေးဝဲ–ယာပန်းအိုးများ ထုံး၊ ဆေးသုတ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးစောရွှေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကျောင်းသား၊ ကျောင်းသူများအားပညာသင်ဆုများ ပေးအပ်

**အင်္ဂပူ ဖေဖော်ဝါရီ ၅**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၏ ပံ့ပိုးကူညီမှုဖြင့် အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ပညာသင်ဆုပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁ ရက်က မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံးခန်းမ၌ ကျင်းပရာ မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက ပညာသင်ဆုပေးအပ်သည့် ရည်ရွယ် ချက်နှင့်စည်းကမ်းချက်များကို ရှင်းလင်း ပြောကြားပြီး မြို့နယ် လက်ထောက် ပညာရေးမှူး ဦးလှဌေးက ပညာရေး ဆိုင်ရာများ ရှင်းလင်း ပြောကြားသည်။

**ပေးအပ်**

အခမ်းအနားတွင် မြို့နယ်အတွင်းမှ ဆေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် အသက်မွေးဝမ်းကျောင်းပညာတက္ကသိုလ်များသို့ တက်ရောက် သင်ကြားနေသူ ကျောင်းသား၊ ကျောင်းသူ ၁၉ ဦးတို့အား မြို့နယ် အသင်း အတွင်းရေးမှူး ဦးမြတ်စိုးက ပညာသင်ဆုများပေးအပ်သည်။

အဆိုပါပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ပညာသင်ဆုကို လစဉ် ငွေကျပ် ၃၉၀၀၀၀ ဖြင့် ပညာသင်နှစ်ပြီးဆုံးသည့်တိုင်အောင် ပေးအပ်သွားမည်ဖြစ်ရာ ယခုထိ ပညာသင်ဆုငွေကျပ် ၂၉ ဒသမ ၁ သိန်းပေးအပ်ပြီးဖြစ်ကြောင်း သိရှိရသည်။ **(၁၉၁)**

လှိုင်သာယာမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်းအမှတ်(၄၀)၏ ၂၀၀၅–၂၀၀၆ ခုနှစ် ပညာရည်ချွန် ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးတင်ရွှေ ပထမတန်းမှ တတိယတန်းအထိ သုံးနှစ်ဆက်တိုက်ပထမဆုရ မောင်နေထက် အောင်အား ပညာရည်ချွန်ဆု ချီးမြှင့်စဉ်။ (၃၂၉)





ဇီးကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်အိမ်ရာ စီမံကိန်းဖြစ်သည့် ဝက်ကော်ကျေးရွာ ကျေးလက်အိမ်ရာဆောက်လုပ်မှုကို ဖေဖော်ဝါရီ ၉ ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်စောနှင့်အငယ်တန်း အင်/ယာ(၂)ဒေါ်ဆွေဆွေဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



မှော်ဘီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မှော်ဘီမြို့မဈေး မီးဘေးကာကွယ်ရေးအတွက် ဦးစီးအရာရှိ ဒေါ်ထွေးရီနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့များ ဖေဖော်ဝါရီ ၁ ရက်က မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)



ဇန်နဝါရီ ၅ ရက်က ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ခြင်အန္တရာယ် ကင်းဝေးစေရေးအတွက် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့နှင့် ဝန်ထမ်းများ ပူးပေါင်း၍ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# ဒါးပိန်-သခွတ်ပင် ကျေးရွာချင်းဆက်လမ်း ရာသီမရွေးသွားလာနိုင်ရေး ဆောင်ရွက်ပေးမည် လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်အထွက်နှုန်း ရရှိကျော်လွန်ရန် ကြိုးပမ်း ဆီထွက်သီးနှံနှင့် ပဲမျိုးစုံကိုလည်း ပိုမိုတိုးတက်စိုက်ပျိုးကြရန်လို

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာအုပ်စု သခွတ်ပင်ကျေးရွာရှိ ဒါးပိန်-သခွတ်ပင် ကျေးရွာချင်းဆက်လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။**



ဖြတ်သန်းကြည့်ရှု

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်နှင့် လှည်းကူးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် နွေစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါလျက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာအုပ်စု သခွတ်ပင်ကျေးရွာသို့ရောက်ရှိကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖူးမြော်ကြည်ညို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် အဖွဲ့ဝင်များသည် လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာအုပ်စု သခွတ်ပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ပဲခူးမြို့ ဓမ္မာလင်္ကာရကျောင်းတိုက်၏ ဦးစီးပဓာနနာယက အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သက်တော်ရှည်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓနှင့် သခွတ်ပင်ကျောင်း ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝါယမတို့အား ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်းတို့သည် သက်တော်ရှည် ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓထံ သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် သခွတ်ပင်ကျေးရွာ အခြေခံပညာ အလယ်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ➪**

## ကြည့်ရှုအားပေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာရှိ ဦးမျိုးလှိုင်၏ ပန်းပုလုပ်ငန်းအလုပ်ရုံတွင် ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

## အင်တာနက် ကျန်းမာရေးသတင်း

# အက်စ်ပရင်ဆေးကို နေ့စဉ် စားသုံးခြင်းဖြင့် နှလုံးရောဂါမှ ကင်းဝေးနိုင်ဟုဆို

**နယူးယောက် ဖေဖော်ဝါရီ ၂၀**

နှလုံးရောဂါဝေဒနာ ခံစားရရန် အလားအလာရှိသူအမျိုးသမီးများသည် ဆရာဝန်နှင့် တွေ့၍ အက်စ်ပရင်ဆေးကို နေ့စဉ်စားသုံးရန် သင့်၊မသင့်အကြံဉာဏ် ရယူသင့်ကြောင်း အမေရိကန် နှလုံးရောဂါအသင်းကဖော်ပြသည့် လမ်းညွှန်ချက်၌ ရေးသားဖော်ပြထားသည်။

အမေရိကန်အမျိုးသမီးထု၏ သုံးပုံတစ်ပုံကျော် သို့မဟုတ် ၄၂ဒသမ ၁သန်းရှိ အမျိုးသမီးများသည် နှလုံးရောဂါရှိသူများဖြစ်သည်ဟုဆိုသည်။

ဖော်ပြပါလမ်းညွှန်ချက်တွင် နေ့စဉ်တစ်နာရီကြာမျှ လေ့ကျင့်ခန်းပြုလုပ်ခြင်းသည် ကျန်းမာရေးအတွက် အကျိုးများစေနိုင်ကြောင်း ဖော်ပြထားသည်သာမက လတ်ဆတ်သော သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များကို ပို၍စားသုံးရန်လည်း တိုက်တွန်းထားသည်။

နှလုံးရောဂါနှင့်ပတ်သက်သော လေ့လာမှုများအရ အက်စ်ပရင်ဆေးသောက်သုံးခြင်းသည် အကျိုးရှိသောကိစ္စဖြစ်၍ နှလုံးရောဂါရှိသူများအနေဖြင့် ဖော်ပြပါအကြံပြုချက်ကို စဉ်းစားလိုက်နာသင့်သည်ဟု နယူးယောက်ဆေးရုံမှ ဆရာဝန်လိုရီမောစ့်ကာနှင့် အဖွဲ့ဝင်များက ပြောကြားသည်။

အထက်ဖော်ပြပါ အကြံပြုချက်များကို လိုက်နာရန်လိုအပ်သည့်အပြင် အမျိုးသမီးများအနေဖြင့်

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻**

# ဘရူနိုင်းဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာအသင်းယှဉ်ပြိုင်ရန် လေ့ကျင့်ပြင်ဆင်

ရန်ကုန် ဖေဖော်ဝါရီ ၂၀

**မတ် ၃ ရက်မှ ၁၂ ရက်အထိကျင်းပမည့် ၂၀၀၇ ခုနှစ် ဘရူနိုင်းဘုရင့်ဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ (Hassanal Bolkiah Trophy For U-21 ASEAN Youth Football Championship 2007)တွင် ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ်အသင်းသည် ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။**

အဆိုပါ မြန်မာလူငယ်အသင်းကို နည်းပြချုပ် ဦးဉာဏ်ဝင်း၊ လက်ထောက်နည်းပြ ဦးစိုးမိုး၊ ဂိုးနည်းပြအဖြစ် ဦးမျိုးချစ်တို့က လေ့ကျင့်ပေးလျက်ရှိသည်။ အသင်းကို ပဏာမ ၃၁ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီ ၁၇ ရက်၌ ကျင်းပသော နှစ်သင်းခွဲ၍ခြေစမ်းကစားအပြီးတွင် ၂၆ ဦးဖြင့် ဆက်လက်လေ့ကျင့်ပြင်ဆင်နေခြင်းဖြစ်သည်။

**စာမျက်နှာ ၉ ကော်လံ ၃ သို့ ❍**



**ပဏာမ ယူ-၂၁ လူငယ်ဘောလုံးအသင်း လေ့ကျင့်နေစဉ်။**
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)